ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၆၁၆ / ၂၀၁၅**
**နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍အောက်ပါလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသောစကားရပ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ် များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **စီမံကိန်း**ဆိုသည်မှာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ စိုက်ပျိုးရေး ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ သိပ္ပံဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ သို့မဟုတ် အခြားသော လုပ်ဆောင်မှု သို့မဟုတ် အစီအစဉ် သို့မဟုတ် ဆောင်ရွက်မှုတစ်ခုချင်း အလိုက်ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပတ်ဝန်းကျင်ကို ဆိုးကျိုးသက်ရောက်မှုရှိနိုင်သဖြင့် ယင်းဆောင်ရွက်မှုအတွက် ပြည်ထောင်စုအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုထံမှ အတည်ပြုချက်ရယူ ဆောင်ရွက်စေခြင်း၊ လိုင်စင်ရယူစေခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် အတိုင်းအတာတစ်ရပ်အထိ အခြားနည်း စည်းမျဉ်းကန့်သတ်ခြင်းပြုသည့် စီမံကိန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆိုးကျိုးသက်ရောက်မှုရှိနိုင်သည့် စီမံကိန်း၊ စီးပွားရေး လုပ်ငန်း၊ ဝန်ဆောင်မှု၊ လုပ်ဆောင်မှုများ အားလုံးပါဝင်သည်။

(ခ) **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား** ဆိုသည်မှာ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်သည်ဟု ဝန်ကြီးဌာနက သတ်မှတ် သည့် စီမံကိန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ယေဘုယျအားဖြင့် ညစ်ညမ်းမှု တစ်ခုချင်းစီအလိုက် လျှော့ချရန် တိကျစွာချမှတ်ထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များ ပေါင်းစပ်ပါဝင်ရန် လိုအပ်သည့်အကြောင်းအရာမျိုးစုံ၊ ညစ်ညမ်းမှု အရင်းအမြစ်နှင့် အမျိုးအစားများ မျိုးစုံပါဝင်သည့် စီမံကိန်းအမျိုးအစားများအပြင် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိပြီး ကြီးမားသော အန္တရာယ် ဖြစ်စေရန်ထူးခြားသောသွင်ပြင်လက္ခဏာရှိသည့်စီမံကိန်းအမျိုးအစား၊စီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးသက်ရောက်မှုနှင့် သက်ရောက်မှု၏အတိုင်းအတာ သို့မဟုတ် သက်ရောက်မှု၏အရေးပါမှုကိုကြိုတင်သိရှိနိုင်ရန်အတွေ့အကြုံနှင့် ဗဟုသုတအားနည်း သည့် စီမံကိန်းအမျိုးအစား၊ အရွယ်အစား သို့မဟုတ် စီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ်သက်ရောက်မှု၏ အရေးပါမှု သို့မဟုတ် သက်ရောက်မှု များကို ခံရသူများအနေဖြင့် အထိမခံနိုင်ခြင်း သို့မဟုတ် ခုခံနိုင်မှုအားနည်းခြင်းတို့

ကြောင့်ယင်းသက်ရောက်မှုများကိုပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအဆင့်မြင့်စီမံခန့်ခွဲမှုစွမ်းရည်နှင့် ကျွမ်းကျင်မှုတို့ဖြင့် စီမံကိန်းလုပ်ငန်း သက်တမ်းတစ်လျှောက်လုံးတွင် အမြဲမပြတ်တင်းကြပ်စွာ ထိန်းချုပ် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားလည်း ပါဝင်သည်။

(ဂ) **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား** ဆိုသည်မှာပတ်ဝန်းကျင်အပေါ်ဆိုးကျိုးသက်ရောက်မှုအချို့ရှိသော်လည်းပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် လုပ်ငန်းအမျိုးအစားများထက် ဆိုးကျိုးသက်ရောက်မှုလျော့နည်းကြောင်း သို့မဟုတ် သိသာထင်ရှားမှုမရှိကြောင်း ဝန်ကြီးဌာနကသတ်မှတ်သည့်စီမံကိန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ယေဘုယျအားဖြင့် နယ်ပယ်အတိုင်းအတာနှင့် အရွယ်အစားအကန့်အသတ်ရှိသည့် စီမံကိန်းအမျိုးအစား၊ စီမံကိန်းကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို အလွယ်တကူသိနိုင်ပြီး ယင်းသက်ရောက်မှုအစိတ်အပိုင်းအများစုသည် ယာယီသာဖြစ်ပေါ်သော၊ စီမံကိန်းတည်ရှိရာနေရာဒေသအတွင်းသာဖြစ်ပေါ်ပြီး ယင်းသက်ရောက်မှုများသည် ပြန်လည်ပြောင်းလဲသွားနိုင်သောစီမံကိန်းအမျိုးအစား၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို တိကျခိုင်မာသောနှင့် ရရှိနိုင်သော နည်းပညာများ၊ လက်တွေ့ဆောင်ရွက်မှုများဖြင့် လျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုနိုင်သော်လည်း သီးခြားထိန်းချုပ်ဆောင်ရွက်ခြင်းနှင့် အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဆန်းစစ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ ပြုလုပ်သွားရမည့် စီမံကိန်းအမျိုးအစားလည်း ပါဝင်သည်။

(ဃ) **မည်သည့်ဆန်းစစ်ခြင်းမျှ ပြုလုပ်ရန် မလိုသည့် စီမံကိန်းအမျိုးအစား** ဆိုသည်မှာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားတွင်သော်လည်းကောင်း၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားတွင်သော်လည်းကောင်း မပါဝင်သည့် စီမံကိန်းအမျိုးအစားကို ဆိုသည်။

(င) **ပေါင်းစပ်စီမံကိန်း** ဆိုသည်မှာ ပတ်ဝန်းကျင်အပေါ် ကြီးမားသော သက်ရောက်မှုများဖြစ်ပေါ်စေနိုင်သည့်စီမံကိန်းကိုဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာနိုင်ငံတစ်ခု၏နယ်နိမိတ်ကိုဖြတ်ကျော်၍ထိခိုက်ခြင်း၊ အခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို ဆက်စပ်ထိခိုက်ခြင်း သို့မဟုတ် ပေါင်းစပ်နည်းပညာကို ကျင့်သုံးခြင်းတို့ ပါဝင်သည်။

(စ) **စီမံကိန်းကြောင့်ထိခိုက်ခံစားရသူ** ဆိုသည်မှာ စီမံကိန်း သို့မဟုတ် အဆိုပြုစီမံကိန်းတစ်ရပ်ကြောင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေထိခိုက်ခံရသော သို့မဟုတ် ထိခိုက်ခံရနိုင်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဆိုသည်။ ယင်းစကားရပ်တွင် မြေ၊ ခြံ၊ အိမ်ရာသိမ်းယူခံရခြင်းကြောင့်သော်လည်းကောင်း၊ မြေအမျိုးအစားပြောင်းလဲခံရခြင်းကြောင့်သော်လည်းကောင်း လူနေထိုင်ရာနေရာ၏ ဂေဟဗေဒနှင့် ပတ်ဝန်းကျင်ဆိုင်ရာစနစ်များအပေါ် ထိခိုက်ခံရသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းလည်း ပါဝင်သည်။

(ဆ) **ဆိုးကျိုးသက်ရောက်မှု** ဆိုသည်မှာစီမံကိန်းအဆိုပြုသူ၏ပြုလုပ်မှု သို့မဟုတ်ပျက်ကွက်မှုတစ်ခုခုကြောင့်ဖြစ်စေ၊ စီမံကိန်းကိုဒီဇိုင်းရေးဆွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ထိန်းသိမ်းခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း သို့မဟုတ် ရပ်စဲခြင်းကြောင့်ဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်သည့် အခြားလုပ်ဆောင်မှုတစ်ခုခုကြောင့်ဖြစ်စေ တစ်နည်းနည်းဖြင့်ပေါ်ပေါက်သည့်ပတ်ဝန်းကျင်၊ လူမှုရေး၊ လူမှုစီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

သို့မဟုတ် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အများပြည်သူကျန်းမာရေး သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု သို့မဟုတ် ပတ်ဝန်းကျင်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အပါအဝင် လူပုဂ္ဂိုလ်၊ ဂေဟစနစ် သို့မဟုတ် သဘာဝအရင်းအမြစ်တစ်ခုခုကိုအတိုင်းအတာတစ်ခုအထိ ထိခိုက်စေမှုကို ဆိုသည်။

(ဇ) **ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု** ဆိုသည်မှာ အဆိုပြုထားသည့် စီမံကိန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု သို့မဟုတ် တာဝန်ယူဆောင်ရွက်မှုများ ကြောင့် သဘာဝပတ်ဝန်းကျင်၊ တည်ဆောက်ထားသောပတ်ဝန်းကျင်၊ အများပြည်သူ နှင့် လူမှုအဖွဲ့အစည်းအပေါ် ဖြစ်ပေါ်နိုင်သည့် အကျိုးသက်ရောက်မှု သို့မဟုတ် အကျိုး ဆက်ကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းခွင်ဆိုင်ရာ၊ လူမှုအဖွဲ့အစည်း၏ လူမှု ရေး၊ လူမှုစီးပွားရေး၊ ယဉ်ကျေးမှု၊ အများပြည်သူနှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး နှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များအပေါ်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း၊ ကောင်းကျိုးသော် လည်းကောင်း၊ ဆိုးကျိုးသော်လည်းကောင်း၊ နှစ်မျိုးလုံးသော်လည်းကောင်း ဖြစ်ပေါ် နိုင်သည့်သက်ရောက်မှုများအပြင်ဆန္ဒမပါသောနေရာရွှေ့ပြောင်းမှု သို့မဟုတ် တိုင်းရင်း သားမျိုးနွယ်စုနှင့်သက်ဆိုင်သည့် အိမ်ရာရွှေ့ပြောင်းမှုကိစ္စလည်းပါဝင်သည်။

(ဈ) **ဆက်စပ်သက်ရောက်မှု** ဆိုသည်မှာစီမံကိန်းတစ်ခု၏ ပတ်ဝန်းကျင်အပေါ် သက်ရောက် မှုသည်ယင်းတို့သက်သက်အားဖြင့်သိသာထင်ရှားမှုမရှိသော်လည်းအလားတူသို့မဟုတ် အမျိုးအစား မတူညီသည့် စီမံကိန်း သို့မဟုတ် နယ်မြေ၊ ဒေသတစ်ခုတည်းတွင် ဆောင် ရွက်လုပ်ကိုင်နေသောစီမံကိန်းများမှ လက်ရှိ သို့မဟုတ် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်း ကျင်အပေါ်သက်ရောက်မှုများနှင့် ပေါင်းစပ်လိုက်သောအခါ ဖြစ်ပေါ်လာသည့် သိသာ ထင်ရှားသော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုကို ဆိုသည်။

(ည) **အကောင်းဆုံးရရှိနိုင်သောနည်းလမ်း** ဆိုသည်မှာ စီမံကိန်းဆောင်ရွက်မှုများနှင့် ယင်း တို့၏လုပ်ငန်းလည်ပတ်မှုနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခိုးအငွေ့ ထုတ်လွှတ်မှု၊ အရည်စွန့်ထုတ်မှု၊ အစိုင်အခဲစွန့်ထုတ်မှုများကို တားဆီးရန်ဖြစ်စေ၊ ပတ်ဝန်းကျင်ကို ထိခိုက်စေမှုအားလုံးကို ယေဘုယျအားဖြင့် လျော့နည်းစေရန်ဖြစ်စေ ထုတ်လွှတ်မှုကန့်သတ်ချက်စံများကိုအခြေခံ၍ဒီဇိုင်းပြုလုပ်ထားသည့်လက်တွေ့ဆောင် ရွက်နိုင်သော ထိရောက်မှုအရှိဆုံးနှင့် ခေတ်အမီဆုံးနည်းလမ်းများကို ဆိုသည်။

**ရှင်းလင်းချက်။** **အကောင်းဆုံး**ဆိုသည်မှာပတ်ဝန်းကျင်တစ်ခုလုံးကို အထိရောက်ဆုံး အကာအကွယ်ပေးနိုင်သည့် ယေဘုယျအဆင့်တစ်ရပ်ကိုဆိုသည်။

**ရရှိနိုင်သောနည်းလမ်းများ** ဆိုသည်မှာ သက်ဆိုင်ရာ စက်မှုကဏ္ဍ တွင်ကုန်ကျစရိတ်နှင့် ရရှိနိုင်သော အကျိုးရလဒ်များကို ထည့်သွင်း စဉ်းစားလျက် စီးပွားရေးနှင့် နည်းပညာအရဖြစ်နိုင်သည့်သတ်မှတ် ချက်များကို အသုံးပြုသူက အသုံးပြုနေသည့် ကာလတစ်လျောက် အကောင်အထည်ဖော်နိုင်သည့် အဆင့်ရှိသော နည်းလမ်းများကို ဆိုသည်။

**နည်းလမ်းများ**ဆိုသည်မှာ နည်းပညာအသုံးပြု၍ စီမံကိန်းဒီဇိုင်းရေး ဆွဲခြင်း၊ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ လည်ပတ်ဆောင်ရွက် ခြင်းနှင့်ရပ်စဲခြင်းပြုသည့်နည်းလမ်းများကိုဆိုသည်။

(ဍ) **အလေ့အကျင့်ကောင်းများ** ဆိုသည်မှာ စီမံကိန်းနှင့်စီမံကိန်း၏ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်သည့် ဆိုးကျိုးသက်ရောက်မှုများကို ပိုမိုလျော့နည်းစေရန် အပြည်ပြည်ဆိုင်ရာအဆင့် သမာသမတ်ရှိသည့် အဖွဲ့အစည်းများက ဦးဆောင်ချမှတ်၍ အစိုးရများ၊ စက်မှုလုပ်ငန်းများ၊ အလုပ်သမား၊ ငွေကြေးထောက်ပံ့မှု အဖွဲ့အစည်းများ နှင့် ပညာရှင်များအပါအဝင် သက်ဆိုင်ရာ အကျိုးသက်ဆိုင်သူများက အသိအမှတ်ပြု ထားပြီး မြန်မာနိုင်ငံအတွင်း စီမံကိန်းလုပ်ငန်းများက လိုက်နာကျင့်သုံးဆောင်ရွက်နိုင် သော အလေ့အကျင့်ကောင်းများကို ဆိုသည်။

(ဎ) **အခြားဆောင်ရွက်နိုင်သောကိစ္စရပ်များ (Alternatives)** ဆိုသည်မှာ အဆိုပြုထားသည့် စီမံကိန်းတစ်ခုနှင့် စပ်လျဉ်း၍ ယင်း၏ယေဘုယျရည်ရွယ်ချက်နှင့် လိုအပ်ချက်များကို လက်တွေ့ဆောင်ရွက်ရန်ဖြစ်နိုင်သည့်ထိခိုက်မှုပိုမိုလျော့နည်းစေသော အခြားကိစ္စရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင်-

(၁) စီမံကိန်းအကောင်အထည်ဖော်ရန် အဆိုပြုထားသည့် တည်နေရာ၊

(၂) အကောင်အထည်ဖော်မည့် စီမံကိန်းအမျိုးအစား၊

(၃) စီမံကိန်း၏ ဒီဇိုင်းနှင့် အသေးစိတ်ပုံစံ၊

(၄) စီမံကိန်းတွင် အသုံးပြုမည့် နည်းပညာ၊

(၅) စီမံကိန်းကို အကောင်အထည်ဖော်မည့် အမြင်များ၊

(၆) ဝန်ကြီးဌာနက လိုအပ်သည် သို့မဟုတ် တင်ပြရန်သင့်လျော်သည်ဟု ယူဆသည့် စီမံကိန်းဆိုင်ရာ အရေးကြီးသော အခြားအချက်အလက် သို့မဟုတ် အမြင်များ လည်း ပါဝင်သည်။

(ဏ) **ဇီဝမျိုးစုံမျိုးကွဲ** ဆိုသည်မှာ ကုန်းမြေ၊ လေထု၊ ပင်လယ်နှင့် အခြားသော ရေပြင်ဆိုင်ရာ ဂေဟစနစ်များအပါအဝင် အရင်းအမြစ်အားလုံးရှိ သက်ရှိသတ္တဝါများ ကွဲပြားခြားနား စွာတည်ရှိနေမှုနှင့်ယင်းတို့ပါဝင်သည့် ဂေဟစနစ်အမျိုးမျိုး ကွဲပြားတည်ရှိမှုကိုဆိုသည်။ ယင်းစကားရပ်တွင် မျိုးစိတ်တစ်ခုတည်းအတွင်း၌လည်းကောင်း၊ မျိုးစိတ်တစ်ခုနှင့် တစ်ခုအကြား၌လည်းကောင်း၊ ဂေဟစနစ်များအကြား၌လည်းကောင်း မျိုးစုံမျိုးကွဲ တည်ရှိမှုတို့ ပါဝင်သည်။

(တ) **ထုတ်လွှတ်မှု** ဆိုသည်မှာ တစ်ခုချင်း သို့မဟုတ် ရောနှောနေသော အရင်းအမြစ်များမှ လေထု၊ ရေထုနှင့် မြေထုအတွင်းသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှတ်ထုတ် လိုက်သောထုတ်လွှတ်မှုအားလုံးကိုဆိုသည်။ ယင်းစကားရပ်တွင် အခိုးအငွေ့၊ စွန့်ပစ် အရည်၊ စွန့်ပစ်အစိုင်အခဲ၊ ဆူညံသံ၊ အနံ့၊ အလင်း၊ တုန်ခါမှု၊ အပူ၊ တိုင်းတာသိရှိနိုင် သောရောင်စဉ်နှင့် ဒြပ်ပစ္စည်းအမျိုးမျိုးတို့ ပါ ဝင်သည်။

(ထ) **ထုတ်လွှတ်မှုကန့်သတ်ချက်ပမာဏ** ဆိုသည်မှာ သတ်မှတ်ထားသည့် လုပ်ငန်းဆောင် ရွက်မှုတစ်ခုမှ သတ်မှတ်ထားသောအချိန်တစ်ခုအတွင်း သို့မဟုတ် ကုန်စည်ထုတ်လုပ် မှု ယူနစ်တစ်ခုအတွင်း ပတ်ဝန်းကျင်သို့ထုတ်လွှတ်ရန် သို့မဟုတ် စွန့်ပစ်ရန် ခွင့်ပြုနိုင် သည့်ညစ်ညမ်းပစ္စည်းပါဝင်မှု သို့မဟုတ် ညစ်ညမ်းစေနိုင်မှုဆိုင်ရာ စံ အဖြစ်သတ်မှတ် ထားသည့် ကိန်းဂဏန်းပမာဏကို ဆိုသည်။

(ဒ) **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ** ဆိုသည်မှာ အပိုဒ် ၃၆ ပါ သတ်မှတ် ချက်နှင့်အညီအဆိုပြုစီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင် မှုတစ်ခုခု၏ဆက်စပ်သက်ရောက်မှုများ အပါအဝင် ဆိုးကျိုးသက်ရောက်မှုများကို စနစ်

တကျဆန်းစစ်ဖော်ထုတ်သတ်မှတ်ခြင်း၊ အခြားနည်းဆောင်ရွက်နိုင်သော ကိစ္စရပ်များကိုစနစ်တကျဆန်းစစ်ခြင်းနှင့်ဆိုးကျိုးသက်ရောက်မှုများကိုလျှော့ချရန်သင့်လျော်သည့် ဆောင်ရွက်မှုများသတ်မှတ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တို့ ပါဝင်သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ရန်လိုအပ်သည့်စီးပွားရေးလုပ်ငန်းတစ်ခုခု၏အစီရင်ခံစာကို ဆိုသည်။

(ထ) **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ**ဆိုသည်မှာအပိုဒ် ၆၃ ပါသတ်မှတ်ချက်နှင့်အညီ အဆိုပြုစီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခု၏ ဆက်စပ်သက်ရောက်မှုများ အပါအဝင် ဆိုးကျိုးသက်ရောက်မှုများကို စနစ်တကျ ဆန်းစစ်ဖော်ထုတ်သတ်မှတ်ခြင်း၊ အခြားနည်းဆောင်ရွက်နိုင်သော ကိစ္စရပ်များကို စနစ်တကျဆန်းစစ်ခြင်းနှင့် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန် သင့်လျော်သည့် ဆောင်ရွက်မှုများသတ်မှတ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တို့ ပါဝင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုခု၏ အစီရင်ခံစာကို ဆိုသည်။

(ဒ) **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့** ဆိုသည်မှာနည်းဥပဒေ ၅၈ အရပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတစ်ရပ်အပေါ် စိစစ်သုံးသပ်၍ သဘောထားမှတ်ချက် သို့မဟုတ် ထောက်ခံချက်ပေးရန် ဝန်ကြီးဌာနက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

(ဓ) **တည်ဆောက်ဆဲကာလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** ဆိုသည်မှာ စီမံကိန်းတစ်ရပ်၏တည်ဆောက်ဆဲကာလအတွက် သက်ဆိုင်ရာ ကတိကဝတ်၊ ထုတ်လွှတ်မှုကန့်သတ်ချက်ပမာဏ၊ ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ လိုအပ်သော စက်ကိရိယာများ တပ်ဆင်ခြင်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာဖော်ပြချက်များ၊ ဆိုးကျိုးသက်ရောက်မှုများအပေါ် ခြုံငုံသုံးသပ်ချက်နှင့် ယင်းတို့ကို လျှော့နည်းစေသော ဆောင်ရွက်မှုများ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု လုပ်ငန်းအစီအစဉ်များနှင့် အချိန်ဇယားများ၊ ကျခံသုံးစွဲမည့် ရန်ပုံငွေလျာထားချက်၊ စီမံကိန်းနေရာတစ်ခုလုံးကို ခြုံငုံဖော်ပြသည့်မြေပုံများ၊ ဓာတ်ပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ ဂြိုလ်တုဓာတ်ပုံများ၊ လုပ်ငန်းခွင်အလိုက် နေရာချထားမှုအစီအစဉ်များ၊ ဖြတ်ပိုင်းပုံများ၊ မြင်ကွင်းအတည့်ပုံများ၊ တည်ဆောက်ရေးလုပ်ငန်းခွင်အလိုက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် သင့်လျော်သည့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းဆိုင်ရာ အသေးစိတ်အစီအစဉ်များစသည့် ကဏ္ဍအလိုက် အသေးစိတ် အစီအစဉ်များ၊ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာ အသေးစိတ် ရေးဆွဲထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ဆိုသည်။

(န) **လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** ဆိုသည်မှာ စီမံကိန်းတစ်ရပ်၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့် ကာလအတွက် သက်ဆိုင်ရာ ကတိကဝတ်၊ ထုတ်လွှတ်မှုကန့်သတ်ချက်ပမာဏ၊ ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်များ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းအတွက် အခြေခံအဆောက်အအုံဆိုင်ရာ ဖော်ပြချက်များ၊ ဆိုးကျိုးသက်ရောက်မှုများအပေါ် ခြုံငုံသုံးသပ်ချက်နှင့် ယင်းတို့ကို လျှော့နည်းစေသော ဆောင်

ရွက်မှုများ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုလုပ်ငန်းအစီအစဉ်များနှင့် အချိန်ဇယားများ၊ ကျခံသုံးစွဲမည့်ရန်ပုံငွေလျာထားချက်၊ စီမံကိန်းနေရာတစ်ခုလုံးကိုခြုံငုံဖော်ပြသည့်မြေပုံများ၊ ဓာတ်ပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ ဂြိုလ်တုဓာတ်ပုံများ၊ လုပ်ငန်းခွင်အလိုက်နေရာချထားမှုအစီအစဉ်များ၊ ဖြတ်ပိုင်းပုံများ၊ မြင်ကွင်းအတည့်ပုံများ၊ လုပ်ငန်းခွင်အလိုက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် သင့်လျော်သည့် စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းဆိုင်ရာ အသေးစိတ်အစီအစဉ်များ စသည့်ကဏ္ဍအလိုက်အသေးစိတ် အစီအစဉ်များ၊ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာအသေးစိတ်ရေးဆွဲထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ဆိုသည်။

(ပ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်** ဆိုသည်မှာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုကြောင်းဝန်ကြီးဌာနကတရားဝင်ထုတ်ပေးသောပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များပါဝင်သည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ဖ) **တိုင်းရင်းသားမျိုးနွယ်စု** ဆိုသည်မှာ ပင်မလူ့အဖွဲ့အစည်းနှင့် လူမှုရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာများ ကွဲပြားခြားနားမှုရှိပြီး ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များမှ ဖြစ်ပေါ်သော ဆိုးကျိုးသက်ရောက်မှုများကြောင့် ယင်းတို့၏အကျိုးစီးပွားကို ထိခိုက်လွယ်စေသည့် မျိုးနွယ်စုကို ဆိုသည်။

(ဗ) **ဆန္ဒမပါသောနေရာပြောင်းရွှေ့ရမှု** ဆိုသည်မှာ စီမံကိန်းတစ်ရပ်ကြောင့် စီမံကိန်းနှင့် မလွတ်ကင်းသဖြင့် သို့မဟုတ် ထိခိုက်နိုင်သဖြင့် ပြောင်းရွှေ့လိုသော ဆန္ဒမရှိဘဲ နေအိမ်များနေရာပြောင်းရွှေ့ခံရမှု သို့မဟုတ် စီမံကိန်းတစ်ရပ်ကြောင့်မိမိတို့၏ ကုန်ထုတ်လုပ်မှု သို့မဟုတ် ဝင်ငွေရရှိသည့် မတည်ပစ္စည်းများ မလွှဲမရှောင်သာ ဆုံးရှုံးရမှုကို ဆိုသည်။

(ဘ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနကို ဆိုသည်။

(မ) **ဦးစီးဌာန** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ဆိုသည်။

(ယ) **စီမံကိန်းအဆိုပြုသူ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း စီမံကိန်းအတွက်လေ့လာခြင်း၊ တိုင်းတာခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ ဖော်ဆောင်ခြင်း၊ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက်ဖြစ်ပေါ်ခြင်းတို့အပါအဝင် စီမံကိန်းသို့မဟုတ်စီမံကိန်း၏လုပ်ငန်းတစ်ရပ်ရပ်ကိုဆောင်ရွက်ရန်ကြံရွယ်သည့် သို့မဟုတ် အစပျိုးဆောင်ရွက်ထားသည့် အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ပြီးယင်းစီမံကိန်းဆောင်ရွက်နေစဉ်ပိုင်ရှင်ဖြစ်ခဲ့သူ သို့မဟုတ် ပိုင်ရှင်တစ်ဦးရရှိနိုင်သော ငွေရေးကြေးရေး သို့မဟုတ် အခြားအခွင့်အရေး တစ်ရပ်ကို ရရှိသည့် သို့မဟုတ် ရရှိနိုင်သည့် သို့မဟုတ် ယင်းသို့ရရှိရန်မျှော်လင့်နိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ရ) **စီမံကိန်းအဆိုပြုလွှာ** ဆိုသည်မှာ စီမံကိန်းအဆိုပြုသူက ဆောင်ရွက်ရန်ရည်ရွယ်သည့် စီမံကိန်း သို့မဟုတ် အစပျိုးဆောင်ရွက်ထားပြီးဖြစ်သည့် စီမံကိန်းကို တိုးချဲ့ခြင်းနှင့် စပ်လျဉ်း၍ အဓိကလက္ခဏာများနှင့် သိရှိထားသော သို့မဟုတ် ကြိုတင်သိမြင်နိုင်သော ဆိုးကျိုးသက်ရောက်မှုများ အပါအဝင် သက်ဆိုင်ရာ အသေးစိတ်အချက်အလက်များ

အတိအကျကိုဝန်ကြီးဌာန၏သတ်မှတ်ချက်၊လမ်းညွှန်ချက်များနှင့်အညီသတ်မှတ်ထားသောပုံစံ၊ အကြောင်းအရာတို့ဖြင့် ရေးသားတင်ပြသည့် အဆိုပြုလွှာကိုဆိုသည်။

(လ) **နည်းဥပဒေများ** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို ဆိုသည်။

(ဝ) **ကြွင်းကျန်သက်ရောက်မှုများ** ဆိုသည်မှာ စီမံကိန်းပိတ်သိမ်းပြီးနောက်ပိုင်း အပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ဆက်လက်ကျန်ရှိနေမည်ဟု မှန်းဆရသည့် သို့မဟုတ် အမှန်တကယ်ကျန်ရှိသည့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကို ဆိုသည်။

(သ) **နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း** ဆိုသည်မှာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက်စီမံကိန်းတစ်ရပ်၏ဖြစ်နိုင်သောဆိုးကျိုးသက်ရောက်မှုများကိုအနုစိတ်လေ့လာဆန်းစစ်ရန်၊ လိုအပ်သောအချက်အလက်များကို စုစည်းကောက်ယူရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတစ်စောင်ပြင်ဆင်ရေးအတွက် လုပ်ငန်းတာဝန်များပြုစုရန် ဤလုပ်ထုံးလုပ်နည်း၊ အခန်း ၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို ဆိုသည်။

(ဟ) **ကြိုတင်ခွင့်ပြုချက်** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၂၄ အရ ဤလုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ(က)ပါ ဆန်းစစ်ခြင်းဆောင်ရွက်ရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများကို ဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဠ) **စစ်ဆေးရန်တာဝန်ရှိသူ** ဆိုသည်မှာ စီမံကိန်းက ယင်း၏သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားလိုအပ်ချက်များကိုလိုက်နာရေးအတွက် ထိန်းကွပ်ရန်နှင့် သတ်မှတ်ဆုံးဖြတ်ရန်လည်းကောင်း၊ စီမံကိန်းကဆောင်ရွက်ရန်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတာဝန်များကိုပျက်ကွက်မှုအားတားဆီးရန်လည်းကောင်း ဤလုပ်ထုံးလုပ်နည်းအရ စီမံကိန်းနှင့် ဆက်စပ်သော လှုပ်ရှားဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် ဦးစီးဌာန၏ ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် ဒေသဆိုင်ရာရုံးများမှအရာရှိများနှင့် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အတိုင်ပင်ခံတစ်ဦးဦးကိုဆိုသည်။ ယင်းစကားရပ်တွင် ဤလုပ်ထုံးလုပ်နည်းအရ ဝန်ကြီးဌာန၏ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို ပံ့ပိုးဆောင်ရွက်ပေးသည့် အခြားသက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အရာရှိများလည်း သက်ဆိုင်အကျုံးဝင်သည်။

(အ) **မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း** ဆိုသည်မှာ မူဝါဒများ၊ စီမံကိန်းများ၊ အစီအစဉ်များတွင် ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို ပေါင်းစည်းဆောင်ရွက်နိုင်ရန်နှင့် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာချိန်ဆမှုများနှင့်အတူ အပြန်အလှန်ဝေဖန်သုံးသပ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်အားလုံးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစည်းဆောင်ရွက်ရေးနှင့် စဉ်ဆက်မပြတ်ဆန်းစစ်ဆောင်ရွက်ရေးအတွက်သရုပ်ခွဲခြင်းနှင့် ချဉ်းကပ်ဆောင်ရွက်ခြင်းကိုဆိုသည်။

## အခန်း(၂)
## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ် ချမှတ်ခြင်း

၃။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့အစည်း၊ ဒေသဆိုင်ရာအစိုးရ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူ၊ ကုမ္ပဏီ၊ သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ အသင်း၊ အစုစပ်လုပ်ငန်း သို့မဟုတ် တစ်သီးပုဂ္ဂလိကတစ်ဦးဦးကလုပ်ဆောင်သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်စီမံကိန်းအမျိုးအစားနှင့် စီမံကိန်းတိုးချဲ့ခြင်းသည် ဥပဒေ ပုဒ်မ ၂၁ နှင့် နည်းဥပဒေ ၆၂ အရ ဝန်ကြီးဌာနက သတ်မှတ်ကြေညာသော ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်စေနိုင်သော လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံ အမျိုးအစားများတွင် ပါဝင်ပါက ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၅၅ တို့အရ ဤလုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲအကောင်အထည်ဖော်ခြင်းပြုလုပ်ရမည်။ ထို့အပြင် ယင်းစီမံကိန်းအားလုံးသည်ဤလုပ်ထုံးလုပ်နည်းနှင့်အညီပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရယူရမည်။

၄။ ဥပဒေပုဒ်မ ၂၁ နှင့် နည်းဥပဒေ ၆၂ အရ သတ်မှတ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ စီးပွားရေးလုပ်ငန်းအမျိုးအစားများတွင် အကျုံးဝင်သည့် မည်သည့်စီမံကိန်းမဆို ကြိုတင်ခွင့်ပြုချက်ရယူရမည်။ ယင်းစီမံကိန်းတွင် လုပ်ထုံးလုပ်နည်း မထုတ်ပြန်မီက ဆောင်ရွက်ဆဲ စီမံကိန်းများလည်း သက်ဆိုင်စေရမည်။

၅။ အသေးစားစီမံကိန်းလုပ်ငန်းများ၊ ဥပဒေ ပုဒ်မ ၂၁ နှင့် နည်းဥပဒေ ၆၂ အရ ဝန်ကြီးဌာနက သတ်မှတ်ကြေညာသော ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်သည့် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်စေနိုင်သော လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံ အမျိုးအစားများတွင် မပါဝင်သည့် လုပ်ငန်းများ၊ နောက်ဆက်တွဲ"က"ပါ ဆန်းစစ်ခြင်းဆောင်ရွက်ရန် သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်လိုသူသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိ နှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်ဖြစ်ပြီး ဦးစီးဌာနက သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၆။ ဝန်ကြီးဌာနက ထုတ်ပေးသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါစည်းကမ်းသတ်မှတ်ချက်များသည် ဝန်ကြီးဌာနက ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်များတွင် စည်းကမ်းချက်တစ်ရပ်အဖြစ် ပါဝင်သည်။

၇။ အိမ်ရာပြောင်းရွှေ့ရမှု သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်သော စီမံကိန်းများဆိုင်ရာ သီးသန့်ကိစ္စများနှင့်စပ်လျဉ်း၍ သီးခြားလုပ်ထုံးလုပ်နည်း ထုတ်ပြန်ခြင်း မပြုမီ အိမ်ရာပြောင်းရွှေ့ရမှု သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ထိခိုက်မှု ရှိနိုင်သည့် စီမံကိန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများက သီးခြားထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ သီးခြားလုပ်ထုံးလုပ်နည်းများ မရှိလျှင်၊ ယင်းစီမံကိန်းအားလုံး သည် ကမ္ဘာ့ဘဏ်အုပ်စု၊ အာရှဖွံ့ဖြိုးရေးဘဏ် အပါအဝင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်း

များကလက်ခံထားသော ဆန္ဒမပါသောနေရာပြောင်းရွှေ့ရမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ရမည်။

၈။ ဤလုပ်ထုံးလုပ်နည်းမထုတ်ပြန်မီတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ပြီးဖြစ်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်ဆဲဖြစ်သော စီမံကိန်းအသီးသီးသည် မိမိ စီမံကိန်းကြောင့် ယခင်က ဖြစ်စေ၊ ယခုဖြစ်စေ ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိခိုက်မှုများကို ဖော်ထုတ်သိရှိရန် လုပ်ငန်းခွင်တွင် စိစစ်ခြင်းအပါအဝင် စီမံကိန်းအတွက်ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုကိုပြုလုပ်၍ ဦးစီးဌာနကသတ်မှတ်သည့် အချိန်ကာလအတွင်း -

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲအကောင်အထည်ဖော်ရမည်။

(ခ) ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရယူရမည်။

(ဂ) ဆိုးကျိုးသက်ရောက်မှုများအားလျှော့ချရန်ဥပဒေ၊ နည်းဥပဒေများနှင့်အခြားသက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီသင့်လျော်သောအရေးယူဆောင်ရွက်မှုများပြုလုပ်ရမည်။

၉။ နည်းဥပဒေများမထုတ်ပြန်မီတွင်တည်ထောင်လုပ်ကိုင်နေသော သို့မဟုတ် တည်ဆောက်ဆဲဖြစ်သော သို့မဟုတ် နည်းဥပဒေများ ထုတ်ပြန်ပြီးချိန်တွင် တည်ရှိပြီးသော သို့မဟုတ် တည်ဆောက်ရေးလုပ်ငန်းများစတင်ခဲ့ပြီးဖြစ်သော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအား လက်ရှိအရွယ်အစား သို့မဟုတ် ထုတ်လုပ်မှုပမာဏကို ထပ်မံတိုးချဲ့ရန် သို့မဟုတ် လိုအပ်ချက်အရ ထပ်မံတည်ဆောက်ရန်၊ ပြင်ဆင်ရန်၊ တပ်ဆင်ရန် သို့မဟုတ် အခြားတိုးချဲ့ရန် သို့မဟုတ် တိုးချဲ့ခြင်းဆိုင်ရာလုပ်ဆောင်မှုတစ်ခုခုကိုဆောင်ရွက်ရန် အဆိုပြုသည့် စီမံကိန်းတိုးချဲ့ခြင်းသည် လက်ရှိစီမံကိန်း၏ သဘာဝနှင့်အရွယ်အစားကို ပြောင်းလဲသွားစေပါက ဤလုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီးဌာနကသတ်မှတ်သော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဆောင်ရွက်ရမည်။ စီမံကိန်းတိုးချဲ့ခြင်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်မလိုပါက စီမံကိန်းတိုးချဲ့ခြင်းအတွက် ဆောင်ရွက်ရန် လိုအပ်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ဦးစီးဌာနက သတ်မှတ်သည့်အချိန်ကာလအတွင်း ရေးဆွဲဆောင်ရွက်ရမည်။ ထို့အပြင် ယင်းစီမံကိန်းအားလုံးသည် ဤလုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရယူရမည်။

၁၀။ နည်းဥပဒေများမထုတ်ပြန်မီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားပြီး ပြည်ပအကူအညီအထောက်အပံ့ဖြင့် အချိန်ကာလသတ်မှတ်ချက်တစ်ခု သို့မဟုတ် အချိန်ကာလ ကန့်သတ်ချက်တစ်ခုအတွင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းက မိမိဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ အစီအစဉ်ဖြင့်လည်းကောင်း၊ အခြားအဖွဲ့အစည်းတစ်ရပ်ရပ်နှင့်ပူးပေါင်း၍ သို့မဟုတ် ဖက်စပ်၍လည်းကောင်း ဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားသည်-

(က) တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ပြီးဖြစ်ပါက လုပ်ထုံးလုပ်နည်း အပိုဒ် ၈ နှင့် အညီ ဆောင်ရွက်ရမည်။

(ခ) တည်ဆောက်ရေးလုပ်ငန်းစတင်ခြင်း မပြုရသေးပါက ယင်းစီမံကိန်းလုပ်ငန်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းမပြုမီ သို့မဟုတ် ဦးစီးဌာနက သတ်မှတ်သည့် အချိန်ကာလအတွင်း လိုအပ်သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်၍ ဤလုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရယူရမည်။

၁၁။ နည်းဥပဒေများ ထုတ်ပြန်ပြီးနောက် အကောင်အထည်ဖော်လျက်ရှိသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် မလိုသည့် စီမံကိန်းအား တိုးချဲ့သည့်အခါတွင် ဦးစီးဌာနသည် တိုးချဲ့သည့်စီမံကိန်းအပေါ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် လို မလိုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ပြန်လည်မွမ်းမံပြင်ဆင်ရန် လို မလို ကို စိစစ်၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ ဝန်ကြီးဌာနသည် စီမံကိန်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုအား ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် လို မလို သတ်မှတ်ခြင်းမပြုရသေးမီ ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ်ထိခိုက်မှုမရှိနိုင်သည့် အစပျိုးလုပ်ငန်းဆောင်ရွက်မှုများကို လိုက်နာဆောင်ရွက်ရမည့် ကြိုတင်စည်းကမ်းချက်များသတ်မှတ်၍ ဆောင်ရွက်စေနိုင်သည်။

၁၃။ စီမံကိန်းအဆိုပြုသူသည်-

(က) ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၃၄၊ ၅၀၊ ၆၁ အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ အဆင့်အားလုံးတွင် အများပြည်သူနှင့် သင့်လျော်သောတိုင်ပင်ဆွေးနွေးမှုများကို စီစဉ်ဆောင်ရွက်ရမည်။

(ခ) ဝန်ကြီးဌာနက အသိပေးထားသည့် အမျိုးသားလုံခြုံရေးဆိုင်ရာ ထိပါးစေနိုင်မည့်ကိစ္စရပ်များမှတစ်ပါး အများပြည်သူနှင့်သက်ဆိုင်သော စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ဖော်ရမည်။

၁၄။ ဝန်ကြီးဌာနသည် ဤလုပ်ထုံးလုပ်နည်းကို အကောင်အထည်ဖော်ကျင့်သုံးခြင်းနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းပြုရန် တာဝန်ရှိသည်။

၁၅။ ဝန်ကြီးဌာနသည် အောက်ပါ လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်သည် -

(က) စီမံကိန်းကို ပဏာမ စိစစ်ခြင်းဆိုင်ရာ စံများ သတ်မှတ်ခြင်း၊

(ခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်အတည်ပြုခြင်း၊

(ဂ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာများကို စိစစ်သုံးသပ်အတည်ပြုခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် လမ်းညွှန်ချက်များချမှတ်ခြင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာများကို အတည်ပြုခြင်း၊

(စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ တည်ဆောက်ဆဲကာလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တို့ကို သုံးသပ်အတည်ပြုခြင်း၊

(ဆ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အတည်ပြုခြင်း ဆောင်ရွက်ရန် သင့်လျော်သော စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဇ) စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေ ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ အဆိုပြုထားသော စီမံကိန်း၏ အသေးစိတ်ပုံစံကို အပြီးသတ်ခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံကြောင့်ပြင်ဆင်ခြင်း တစ်ရပ်ရပ် အပါအဝင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် လိုက်နာဆောင်ရွက်စေခြင်း၊

(ဈ) စီမံကိန်းတစ်ရပ်ရပ်အား ယင်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အချိန်နှင့် တစ်ပြေးညီ ဖြစ်စေရန် ဆောင်ရွက်စေခြင်းနှင့် ယင်းဆောင်ရွက်မှုများအတွက် အစီရင် ခံစာကို စိစစ်သုံးသပ်ရန်နှင့် အတည်ပြုရန် ဝန်ကြီးဌာနသို့ တင်ပြစေခြင်း၊

(ည) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်မည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း များ လုပ်ငန်းလိုင်စင်ရယူရန်နှင့် စပ်လျဉ်းသည့် စည်းကမ်းသတ်မှတ်ချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထုတ်ပြန်ခြင်း၊

(ဋ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးခြားသတ်မှတ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၁၆။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ စီမံကိန်းတစ်ရပ်ရပ်၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို စိစစ်သုံးသပ်ခြင်း၊

(ခ) ဝန်ကြီးဌာနကသတ်မှတ်သည့်အချိန်ကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအား စိစစ်သုံးသပ်သည့် အစီရင်ခံစာကို ပြုစုတင်ပြခြင်း၊

(ဂ) ကိစ္စတစ်ခုချင်းစီအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၏ နယ်ပယ် အတိုင်းအတာနှင့် ပါဝင်ရမည့်အချက်အလက်များကို အောက်ပါအချက်များဖြင့် စိစစ် ခြင်း-

(၁) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာသည် ဤလုပ်ထုံးလုပ်နည်းများ ပါသတ်မှတ်ချက်များကို လိုက်နာထားခြင်း ရှိ မရှိ၊

(၂) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လိုက်နာခြင်း ရှိ မရှိ၊

(၃) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာသည် ရှင်းလင်းသော လမ်းညွှန် ချက်များ၊ စံချိန်စံညွှန်းများ၊ အချိန်ကာလသတ်မှတ်ချက် သို့မဟုတ် စိစစ် သုံးသပ်ရန် စံနှုန်းများကို လိုက်နာခြင်း ရှိ မရှိ၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာသည် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အမြင်ကို အသိအမှတ်ပြု ထည့်သွင်းစဉ်းစားခြင်း ရှိ မရှိ၊

(၅) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာသည် ပြီးပြည့်စုံမှု ရှိ မရှိ၊ လုံလောက်သော၊ သင့်လျော်သော နှင့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များပါဝင်မှု ရှိ မရှိ၊

(၆) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပြုစုမှုနှင့် ပါဝင်သည့် အချက်အလက်များသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးရာလိုအပ်ချက်များကို လက်ခံနိုင်သောရွေးချယ်မှု၊ ညွှန်ပြမှု၊ ရည်ညွှန်းမှုနှင့် အပြည့်အဝလိုက်နာထားမှု ရှိ မရှိ၊

(၇) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပြုစုမှုနှင့်ပါဝင်သည့်အချက်များတွင် ကြိုတင်သိမြင်နိုင်သော ဆိုးကျိုးသက်ရောက်မှုများအားလုံးကို သတ်မှတ်ဖော်ပြထားခြင်း ရှိ မရှိ၊

(၈) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ရှင်းလင်းဖော်ပြထားသော စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများကို တားဆီးရန်၊ လျှော့ချရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ပြုလုပ်ရမည့်ဆောင်ရွက်မှုများသည် အပြည့်အဝလိုက်နာရမည့် ပတ်ဝန်းကျင်ရေးရာလိုအပ်ချက်များကို အာမခံနိုင်မှု ရှိ မရှိ၊

(၉) စီမံကိန်းမှ ညစ်ညမ်းမှုကို တားဆီးရန် သို့မဟုတ် အနည်းဆုံးသို့ လျှော့ချရန် ဆောင်ရွက်မှုများသည်ထိရောက်မှုရှိ မရှိ၊ အကောင်းဆုံးရရှိနိုင်သော နည်းလမ်းနှင့် အလေ့အကျင့်ကောင်းများကို အခြေခံထားခြင်း ရှိ မရှိ၊

(၁၀) ပတ်ဝန်းကျင်ရေးရာလိုအပ်ချက်များအား လိုက်နာမှုမရှိသည့် သို့မဟုတ် လိုက်နာမှု မရှိခြင်းကို ဦးတည်သော အန္တရာယ်ဖြစ်စေသည့်ဆောင်ရွက်မှုများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ပါရှိခြင်း ရှိ မရှိ၊

(၁၁) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင်ဖော်ထုတ်တင်ပြထားသည့် အတိုင်း လက်မခံနိုင်သော ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေဘဲ စီမံကိန်းကို တည်ဆောက်လည်ပတ်နိုင်ခြေ ရှိ မရှိ။

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအား စိစစ်သုံးသပ်သည့် အစီရင်ခံစာတွင်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာစုံစမ်းစစ်ဆေးခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါချို့ယွင်းမှုတစ်ရပ်ရပ်ကို ဖော်ထုတ်တင်ပြခြင်းနှင့် စီမံကိန်းအဆိုပြုသူက တာဝန်ယူဆောင်ရွက်ပြီး အစီရင်ခံတင်ပြရမည့် နောက်ထပ်လေ့လာမှုများ၊ စုံစမ်းစစ်ဆေးမှုများ၊ ညှိနှိုင်းဆွေးနွေးမှုများ သို့မဟုတ် ဆန်းစစ်မှုများကို အကြံပြုတင်ပြခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအား စိစစ်သုံးသပ်သည့် အစီရင်ခံစာတွင် သက်ဆိုင်သည့် ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် ထည့်သွင်းဖော်ပြသင့်သည့် စည်းကမ်းချက်များအဖြစ် အကြံပြုချက်ပေးခြင်း၊

(စ) ကော်မတီ သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးပါက အဖွဲ့၏စိစစ်တွေ့ရှိချက်များကို အစည်းအဝေးတွင် တင်ပြခြင်း၊

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်သည့် တတိယ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များ**

၁၇။ (က) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ငန်းလိုင်စင်ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက သီးခြားစည်းကမ်းသတ်မှတ်ချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း ထုတ်ပြန်ခြင်း မပြုရသေးပါက အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာ ထည့်သွင်းဖော်ပြ၍ ဦးစီးဌာနတွင် လုပ်ငန်းလိုင်စင်လျှောက်ထားရမည်-

(၁) ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အမည်၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊

(၂) ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ နှင့်

(၃) အဖွဲ့အစည်းပါ အဓိကပုဂ္ဂိုလ်အသီးသီး၏ ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ အတွေ့အကြုံ၊ ပညာအရည်အချင်း၊ သက်ဆိုင်ရာထောက်ခံစာနှင့် တာဝန်ပေးအပ်မှုအထောက်အထားများ၊

(ခ) လုပ်ငန်းလိုင်စင်ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ဝန်ကြီးဌာနက သီးခြားစည်းကမ်းသတ်မှတ်ချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း ထုတ်ပြန်ပြီးပါက ယင်းစည်းကမ်းသတ်မှတ်ချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးစီးဌာနတွင် လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၁၈။ ဦးစီးဌာနသည်-

(က) အပိုဒ် ၁၇ နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားသူများအား ယင်းတို့တင်ပြသော အချက်အလက်များအရယင်းဆန်းစစ်ခြင်းများဆောင်ရွက်ရန်သင့်လျော်မှုရှိ မရှိကိုစိစစ်သုံးသပ်ရမည်။

(ခ) လျှောက်ထားသူက တင်သွင်းသောအချက်အလက်များကို အခြေခံ စိစစ်၍ သင့်လျော်မှုရှိသည်ဟုယူဆလျှင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်သည်။ သင့်လျော်မှု မရှိဟုယူဆလျှင် မည်သည့်လျှောက်ထားသူကိုမဆို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင် ငြင်းပယ်ခြင်းခံရသော မည်သည့်လျှောက်ထားသူမဆို ချို့ယွင်းချက်များကို ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုပြီးနောက် လုပ်ငန်းလိုင်စင် ပြန်လည်လျှောက်ထားနိုင်သည်။

၁၉။ (က) လုပ်ငန်းလိုင်စင် သက်တမ်းကို တစ်ကြိမ်လျှင် (၃)နှစ် သတ်မှတ်သည်။

(ခ) လုပ်ငန်းလိုင်စင် လက်ဝယ်ရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ (၃)လကြိုတင်၍ သက်တမ်းတိုးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းလိုင်စင်လက်ဝယ်ရှိသူကို သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၀။ ဦးစီးဌာနသည် အပိုဒ် ၁၈ နှင့်အညီ လုပ်ငန်းလိုင်စင်ရယူထားသောပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ်

ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ဆန်းစစ်ခြင်းများတွင် သိသာထင်ရှားသော မှားယွင်းမှုများ ပါရှိနေပြီး ယေဘုယျလက်ခံထားသောအသိအမှတ်ပြုစံချိန်စံညွှန်း သို့မဟုတ် ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း သို့မဟုတ် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် အညီပြန်လည်ပြင်ဆင်ထားခြင်းမရှိကြောင်းသတ်မှတ်ဆုံးဖြတ်လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း အားထုတ်ပေးထားသောလုပ်ငန်းလိုင်စင်ကို ဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ထို့ပြင် လုပ်ငန်းလိုင်စင်ကို ရပ်ဆိုင်းကြောင်း သို့မဟုတ် ရပ်စဲကြောင်း ထုတ်ပြန်ကြေညာရမည်။

၂၁။ (က) ဦးစီးဌာနမှထုတ်ပေးသည့် လုပ်ငန်းလိုင်စင်မရှိသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမျှ လုပ်ထုံးလုပ်နည်းတွင်ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်သွင်းခြင်းမပြုရ။

(ခ) ဤလုပ်ထုံးလုပ်နည်းမထုတ်ပြန်မီက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ဆဲ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ထုံးလုပ်နည်း ထုတ်ပြန်ပြီး (၃)လအတွင်း လုပ်ငန်းလိုင်စင်ရယူရမည်။

၂၂။ ဦးစီးဌာနသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းလိုင်စင်ထုတ်ပေးထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအားလုံး၏ စာရင်းကို ထိန်းသိမ်းထားရှိရမည့်အပြင် အခါအားလျော်စွာ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၃)
## စိစစ်ခြင်း

၂၃။ (က) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအဆိုပြုလွှာအပြည့်အစုံကို ပဏာမစိစစ်နိုင်ရန် ဝန်ကြီးဌာနသို့ တင်သွင်းရမည်။ ဤလုပ်ထုံးလုပ်နည်းအရ စီမံကိန်းအဆိုပြုလွှာ တင်သွင်းခြင်းသည် ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်းနှင့် တူညီသည်။

(ခ) ဝန်ကြီးဌာနသည် စီမံကိန်းအဆိုပြုလွှာအား မည်သည့်ဆန်းစစ်ခြင်း အမျိုးအစားတွင် ပါဝင်ကြောင်း စိစစ်နိုင်ရန် ဦးစီးဌာနသို့ ပေးပို့ရမည်။

(ဂ) ဦးစီးဌာနသည် အပိုဒ် ၈၊ ၉၊ ၁၀၊ ၁၁၊ ၂၆၊ ၂၇ နှင့်အညီ စီမံကိန်းအဆိုပြုလွှာတွင် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများနှင့် သက်ဆိုင်သော အချက်အလက်များပြည့်စုံမှု ရှိ မရှိ ပဏာမ စစ်ဆေးအတည်ပြုပြီး အပိုဒ် ၂၅ နှင့် ၂၈ ပါအချက်များကို ထည့်သွင်းစဉ်းစား၍ နောက်ဆက်တွဲ "က" ပါ "ဆန်းစစ်ခြင်း ပြုလုပ်ရန် စီမံကိန်း အမျိုးအစားသတ်မှတ်ချက်"နှင့်အညီ စီမံကိန်းသည် အောက်ပါအမျိုးအစားတစ်ခုခု တွင် ပါဝင်သင့်ကြောင်း သဘောထားမှတ်ချက်ကို ဝန်ကြီးဌာနသို့တင်ပြရမည်-

(၁) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်သည့်စီမံကိန်းအမျိုးအစား သို့မဟုတ်

(၂) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ်

(၃) မည်သည့်ဆန်းစစ်ခြင်းမျှ ပြုလုပ်ရန် မလိုသည့် စီမံကိန်းအမျိုးအစား။

(ဃ) ဝန်ကြီးဌာနသည် မိမိသတ်မှတ်သည့် အပိုဒ်ခွဲ (ဂ)ပါ လုပ်ငန်းအမျိုးအစားကို စီမံကိန်း အဆိုပြုသူထံ အကြောင်းကြားရမည်။

၂၄။ ဝန်ကြီးဌာနသည် အခြားမည်သည့် စီမံကိန်း သို့မဟုတ် လုပ်ငန်းကိုမဆို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲရန် လိုအပ်ခြင်း ရှိ မရှိ ရွေးချယ်သတ်မှတ်နိုင်သည်။

၂၅။ စီမံကိန်းသည် အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သတ်မှတ်ကာကွယ်ထားသည့်နေရာဒေသများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအပါအဝင် သစ်တောထိန်းသိမ်းရေးဧရိယာ၊ အများပြည်သူဆိုင်ရာသစ်တော၊ အဏ္ဏဝါဥယျာဉ်အပါအဝင်ဥယျာဉ်၊ ဒီရေတောရေဝပ်ဧရိယာ၊ အခြားအရေးပါသော ကမ်းရိုးတန်းဒေသများ၊ သဘာဝဘေးမဲ့တော၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်းထားသောနယ်မြေ၊ သဘာဝထိန်းသိမ်းရေးနယ်မြေ၊ ဘူမိရူပဆိုင်ရာ ထိန်းသိမ်းထားသော အထင်ကရနေရာ၊ ဝန်ကြီးဌာနက သတ်မှတ်ကြေညာထားသော အခြား သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ထိန်းသိမ်းကာကွယ်ထားသော ယဉ်ကျေးမှုအမွေအနှစ်နေရာနှင့် ထိန်းသိမ်းကာကွယ်ထားသော ရှေးဟောင်းသုတေသနဆိုင်ရာ သို့မဟုတ် သမိုင်းဆိုင်ရာ အထင်ကရ နေရာများတွင် တည်ရှိနေခြင်း သို့မဟုတ် အကန့်အသတ်မရှိ ပါဝင်နေခြင်း သို့မဟုတ် ယင်းနေရာများအပေါ်ကြိုတင်သိမြင်နိုင်သော ဆိုးကျိုးသက်ရောက်မှုရှိနိုင်သည့် ကိစ္စရပ်အားလုံးတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဆောင်ရွက်ရမည်။

၂၆။ နောက်ဆက်တွဲ"က" ပါ "ဆန်းစစ်ခြင်းပြုလုပ်ရန် စီမံကိန်းအမျိုးအစားသတ်မှတ်ချက်" တွင် မည်သို့ပင် သတ်မှတ်ထားစေကာမူ ခိုင်လုံသောအကြောင်းခြင်းရာများတွေ့ရှိရပါက ဝန်ကြီးဌာနသည် မူလသတ်မှတ်ထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် မည်သည့်ဆန်းစစ်ခြင်းမျှပြုလုပ်ရန်မလိုသည့် စီမံကိန်းအမျိုးအစားကို လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၇။ (က) ဦးစီးဌာနသည် သတ္တုတူးဖော်ခြင်း သို့မဟုတ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့သော စီမံကိန်းသည် လမ်း၊ ဆက်သွယ်ရေးတာဝါတိုင် သို့မဟုတ် စွန့်ပစ်ပစ္စည်းအစီအမံစသည့် အခြေခံအဆောက်အအုံတွင်ပါဝင်သည့် အကြောင်းအရာများကို စီမံကိန်း၏ လုပ်ငန်းအစိတ်အပိုင်းတစ်ရပ်အနေဖြင့် အလေးထားစဉ်းစားရမည်။

(ခ) ဝန်ကြီးဌာနသည် ထိုသို့သော အခြေအနေမျိုးတွင် စီမံကိန်း သို့မဟုတ် လုပ်ငန်းတစ်ခုအနေဖြင့်ဆောင်ရွက်သည့်စီမံကိန်းများ သို့မဟုတ် လုပ်ငန်းများကို လိုအပ်သည့်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် သတ်မှတ်နိုင်သည်။

၂၈။ ဦးစီးဌာနသည် စီမံကိန်း သို့မဟုတ် စီမံကိန်းတိုးချဲ့ခြင်းအား အပိုဒ် ၂၃ အရ မည်သည့် ဆန်းစစ်ခြင်း ဆောင်ရွက်ရမည်ကို တင်ပြနိုင်ရန် စိစစ်ရာတွင် အပိုဒ် ၂၅ ပါ သတ်မှတ်ချက်များနှင့် နောက်ဆက်တွဲ"က" ပါ "ဆန်းစစ်ခြင်းပြုလုပ်ရန် စီမံကိန်းအမျိုးအစားသတ်မှတ်ချက်" များအပြင် အောက်ပါအကြောင်းအချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ထည့်သွင်းစဉ်းစားရမည်-

(က) စီမံကိန်းအတွက် အရေးပေါ်အခြေအနေနှင့်အတူ ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(ခ) အများပြည်သူ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊

(ဂ) အမျိုးသားလုံခြုံရေး၊

(ဃ) စီမံကိန်းသက်တမ်း၊

(င) ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးဆိုင်ရာ သတ်မှတ်ထားသော စံများနှင့် သမိုင်းဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းကာကွယ်ခြင်း၊

(စ) ထိခိုက်ပျက်စီးလွယ်သော ဂေဟစနစ်တည်ရှိရာ နေရာဒေသများအား ထိန်းသိမ်းကာကွယ်ခြင်း၊

(ဆ) ဆိုင်ကလုန်းမုန်တိုင်း၊ လေပြင်းမုန်တိုင်း၊ ရေကြီးရေလျှံခြင်း၊ စစ်ကိုင်းပြတ်ရွေ့ကြော အပါအဝင် ငလျင်လှုပ်ခတ်ခြင်းကြောင့် ထိခိုက်နိုင်သော နေရာဒေသများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သော နေရာဒေသများ၊

(ဇ) လက်ရှိ နှင့် နောင်တွင် အများပြည်သူသောက်သုံးရေအတွက် အဓိကအရင်းအမြစ်နေရာများဖြစ်သော ရေအရင်းအမြစ်များအား ထိန်းသိမ်းကာကွယ်ခြင်း (ရေကန်ကြီးများ၊ ရေလှောင်ကန်ကြီးများ၊ မြစ်ချောင်းများနှင့် မြေအောက်ရေ)

(ဈ) အပန်းဖြေအနားယူရန် သတ်မှတ်ထားသည့် နေရာများ၊ ပုလဲမွေးမြူထုတ်လုပ်သည့် နေရာနှင့် အနီးပတ်ဝန်းကျင်နေရာများ၊

(ည) ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းခြင်း၊

(ဋ) မျိုးစိတ်များ ဝင်ရောက်လာခြင်း၊

(ဌ) နည်းပညာအသစ်များ အသုံးပြုခြင်း၊

(ဍ) လူဦးရေသိပ်သည်းမှုနှုန်းနှင့် လူနေထူထပ်များပြားမှု၊

(ဎ) နိုင်ငံအတွင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာရာသီဥတုပြောင်းလဲမှုအခြေအနေများ၊

(ဏ) နယ်စပ်ဖြတ်ကျော်နိုင်သည့် သက်ရောက်မှုများ၊

(တ) စီမံကိန်းလုပ်ငန်း ပိတ်သိမ်းပြီးနောက် ကြွင်းကျန်သက်ရောက်နိုင်မှုများနှင့် နှစ်ကာလကြာရှည်စွာ ထိခိုက်နိုင်မှုများ၊

(ထ) ဝန်ကြီးဌာနက သတ်မှတ်သည့် အခြားအကြောင်းအချက်များ။

၂၉။ ဦးစီးဌာနသည် စီမံကိန်းအဆိုပြုလွှာအပြည့်အစုံကို လက်ခံရရှိပြီး အလုပ်လုပ်ရက် ၁၅ ရက်အတွင်း ယင်းစီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်ကြောင်း၊ သို့မဟုတ် မည်သည့်ဆန်းစစ်ခြင်းမျှပြုလုပ်ရန် မလိုအပ်ကြောင်း ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် စီမံကိန်းအဆိုပြုသူထံ စာဖြင့်ရေးသား၍ အကြောင်းကြားရမည်။

၃၀။ ဝန်ကြီးဌာနသည် နောက်ဆက်တွဲ"က"ပါ "ဆန်းစစ်ခြင်းပြုလုပ်ရန် စီမံကိန်းအမျိုးအစားသတ်မှတ်ချက်" ကို အခါအားလျော်စွာသုံးသပ်၍ လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၄)
## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း

၃၁။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ကို နောက်ဆက်တွဲ"ခ" ပါ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းစဉ် ပုံပြဇယားတွင် ဖော်ပြထားသည်။

၃၂။ စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုခြင်းကို မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဆောင်ရွက်မည်ဖြစ်ကြောင်း ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း မစတင်မီ ဦးစီးဌာနသို့ စာဖြင့် ရေးသားတင်ပြရမည်။ စီမံကိန်းအဆိုပြုသူသည် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုခြင်းကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အပိုဒ် ၁၈ နှင့်အညီ လုပ်ငန်းလိုင်စင်ရယူထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုခန့်အပ်၍သော်လည်းကောင်းဆောင်ရွက်နိုင်သည်။

၃၃။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် စီမံကိန်းအဆိုပြုသူက ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းပြုလုပ်ရန် ရွေးချယ်အဆိုပြုတင်ပြသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ အချက်အလက်များကို စိစစ်၍ ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း ဆောင်ရွက်ရန်သင့်လျော်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဟုတ် မဟုတ်ကို အလုပ်လုပ်ရက်(၇)ရက်အတွင်း အတည်ပြုပြန်ကြားရမည်။

၃၄။ စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဂန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုဆိုင်ရာ အောက်ပါလုပ်ငန်းစဉ်များကို တာဝန်ယူ ဆောင်ရွက်ရမည်-

(က) ကနဦးပတ်ဂန်းကျင်ဆန်းစစ်ခြင်းစတင်သည်နှင့်တစ်ပြိုင်နက် အဆိုပြုစီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများက သိရှိနိုင်ရန် စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ဝက်ဘ်ဆိုဒ်တွင် တင်ပြခြင်းနှင့် စီမံကိန်းနေရာများတွင်အများပြည်သူမြင်တွေ့နိုင်စေရန် ဆိုင်းဘုတ်များထင်ရှားစွာ စိုက်ထူခြင်း အပါအဝင် ပြည်တွင်းမီဒီယာများမှတစ်ဆင့်ထုတ်ဖော်ခြင်းနှင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော နည်းပညာဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ဒေသခံလူ့အဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် လိုအပ်သည့် တိုင်ပင်ဆွေးနွေးပွဲများကို ဝန်ကြီးဌာနကအကြံပြုသည့်အတိုင်း စီစဉ်ပြုလုပ်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း(အင်တာဗျူး)များ ပြုလုပ်၍ ရှင်းလင်းတင်ပြခြင်း။

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအတွက် လိုအပ်ချက်များ**

၃၅။ စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကသတ်မှတ်သည့်ပုံစံဖြင့် အောက်ပါအချက်အလက်များမှန်ကန်ကြောင်းအတည်ပြုဝန်ခံချက်နှင့်အတူကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပြီး မြန်မာဘာသာဖြင့်ပြုစုထားသည့် အကျဉ်းချုပ်အစီရင်ခံစာ ပူးတွဲပါရှိရမည်-

(က) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည် တိကျခိုင်မာကြောင်းနှင့် ပြည့်စုံကြောင်း၊

(ခ) ဤလုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာလိုက်နာ၍ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းကို ဆောင်ရွက်ထားကြောင်း၊

(ဂ) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲ လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း။

၃၆။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် အောက်ပါအချက်များ ပါရှိရမည်-

(က) စီမံကိန်းအရွယ်အစား၊ တပ်ဆင်မှု၊ အသုံးပြုနည်းပညာ၊ အခြေခံအဆောက်အအုံ၊ ထုတ်လုပ်မှု လုပ်ငန်းစဉ်၊ ကုန်ကြမ်းနှင့် အရင်းအမြစ်များသုံးစွဲမှု၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှု၊ ထုတ်လွှတ်မှုနှင့် အနှောင့်အယှက်ဖြစ်စေမှု ဖော်ပြချက်များ ပါဝင်သော စီမံကိန်းအကြောင်းအရာ အသေးစိတ်ဖော်ပြချက်နှင့်အတူ စီမံကိန်းလုပ်ငန်း အဆင့်တစ်ခုချင်းစီအတွက် ကောင်းကင်ဓာတ်ပုံ၊ ဂြိုလ်တုဓာတ်ပုံများအသုံးပြု၍ သင့်လျော်သောစကေးဖြင့် စီမံကိန်းတစ်ခုလုံးဖော်ပြသောမြေပုံ၊ စီမံကိန်း လုပ်ငန်းခွင်တစ်ခုချင်းစီ အလိုက်

နေရာချထားမှု ပုံစံပြမြေပုံများနှင့် စီမံကိန်းလုပ်ငန်းအဆင့်တစ်ခုချင်းစီအတွက် အခြား ဆောင်ရွက်နိုင်သောနည်းလမ်းများ၊

(ခ) စီမံကိန်းအဆိုပြုသူ၏ အကြောင်းအရာဖော်ပြချက်နှင့် စီမံကိန်းအဆိုပြုသူသည် လူပုဂ္ဂိုလ် တစ်ဦးချင်းမဟုတ်ဘဲ ကုမ္ပဏီ သို့မဟုတ် အခြားအဖွဲ့အစည်းဖြစ်ပါက ပိုင်ရှင်များ၊ ဒါရိုက်တာများနှင့် စီမံကိန်းအရာရှိများ၏အကြောင်းအရာဖော်ပြချက်၊ နေ့စဉ် စီမံ ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စီမံကိန်းအရာရှိများ၏အကြောင်းအရာဖော်ပြချက်၊

(ဂ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၏ မည်သည့်အပိုင်းတွင် မည်သည့် ကျွမ်းကျင်သူက တာဝန်ရှိကြောင်း အပါအဝင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ဆောင်ရွက်သည့် ကျွမ်းကျင်သူများ၏ အကြောင်းအရာဖော်ပြချက်၊

(ဃ) လိုက်နာဆောင်ရွက်မည့် ဥပဒေ၊ ဒီကရီ၊ စည်းမျဉ်းစည်းကမ်း၊ စံချိန်စံညွှန်း၊ လမ်းညွှန် ချက်များနှင့် စီမံကိန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာပူးပေါင်း အကောင်အထည်ဖော်မည့်မူဝါဒများ၊ ပါဝင်ဆောင်ရွက်မည့်သက်ဆိုင်ရာ အစိုးရအဖွဲ့ အစည်းများနှင့် ၎င်းတို့၏အခန်းကဏ္ဍနှင့် စီမံကိန်းဆိုင်ရာ တာဝန်ရှိမှုများ၊

(င) သက်ဆိုင်ရာ ရူပဆိုင်ရာ၊ ဇီဝဆိုင်ရာ၊ လူမှုရေး၊ လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အနေအထားများ၏ မြေပုံများ အပါအဝင် စီမံကိန်းအနီးပတ်ဝန်းကျင်ရှိ ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ အခြေအနေများ ဖော်ပြချက်၊

(စ) မြေပုံများ၊ ဓာတ်ပုံများ၊ ပုံရိပ်များ၊ ကောင်းကင်ဓာတ်ပုံများနှင့် ဂြိုလ်တုဓာတ်ပုံများ အသုံးပြု၍ မြေပြင်အနေအထားဆိုင်ရာနှင့် သက်ရောက်မှုများ၏ ထူးခြားလက္ခဏာ များ တင်ပြချက်နှင့်အတူ ဆိုးကျိုးသက်ရောက်မှုများနှင့် ကြွင်းကျန်သက်ရောက်မှုများ အပါအဝင် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများအား ဖော်ထုတ်ချက်နှင့် ဆန်းစစ်ချက်၊

(ဆ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုနှင့် အများပြည်သူ ပူးပေါင်းပါဝင်မှု လုပ်ငန်းစဉ်၊ ပြည်သူများထံမှ အကြံပြုချက်များ လက်ခံရရှိမှု၏ရလဒ်များနှင့် ယင်းလုပ်ငန်းစဉ် အတွင်းလက်ခံရရှိသောသဘောထားမှတ်ချက်များအပေါ်စီမံကိန်းအဆိုပြုသူ၏ စာဖြင့် ရေးသားပြန်ကြားချက်၊

(ဇ) စီမံကိန်း၏ ဆိုးကျိုးသက်ရာက်မှုများကို လျှော့ချရန်ရည်ရွယ်ထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့်အတူ လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ရှင်းလင်းစွာ ဖော်ပြထားချက်နှင့် ကြွင်းကျန်သက်ရောက်မှုများ၊

(ဈ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် နှင့်

(ည) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုအကောင်အထည်ဖော်ရန်လိုအပ်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်နှင့်အသုံးစရိတ်လျာထားမှု။

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတင်သွင်းခြင်း**

၃၇။ စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်း အမျိုးအစားများအတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှု၊ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးမှုနှင့် အများပြည်သူပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ် အားလုံးဆောင်ရွက်ပြီးစီးသည့်အခါ စီမံကိန်းအတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို စာရွက်စာတမ်းအပြည့်အစုံဖြင့်လည်းကောင်း၊

ဒီဂျီတယ်ပုံစံဖြင့်လည်းကောင်း ဦးစီးဌာနကသတ်မှတ်သည့် ဝန်ဆောင်ခပေးသွင်း၍ ဦးစီးဌာနသို့ တင်သွင်းရမည်။

၃၈။ စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ဦးစီးဌာနသို့ တင်သွင်းပြီးနောက် ၁၅ ရက်ထက် နောက်မကျစေဘဲ၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသဆိုင်ရာလူ့အဖွဲ့အစည်းနှင့် အခြား အကျိုးသက်ဆိုင်သူများ သိရှိနိုင်စေရန် စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ဝက်ဘ်ဆိုဒ်များနှင့် သတင်းစာစသည့် ပြည်တွင်းမီဒီယာများမှလည်းကောင်း၊ စာကြည့်တိုက်၊ လူထုစုဝေးခန်းမ စသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းအဆိုပြုသူ၏ ရုံးများတွင်လည်းကောင်း ထုတ်ပြန်ကြေညာရမည်။

## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအပေါ် သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း

၃၉။ ဦးစီးဌာနသည်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကိုစီမံကိန်းအဆိုပြုသူထံမှရရှိသည့်အခါ-

(က) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်မှဖြစ်စေ၊ အခြားသင့်လျော်သောမီဒီယာများမှတစ်ဆင့်ဖြစ်စေအများပြည်သူ သိရှိအောင် ထုတ်ဖော်ရမည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများအပါအဝင် သက်ဆိုင်သူများအားလုံးထံမှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို သင့်လျော်သည့်နည်းလမ်းဖြင့် တောင်းခံရယူရမည်။

(ဂ) ဒေသဆိုင်ရာအဆင့်တွင် စီမံကိန်းအဆိုပြုသူက အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများကျင်းပရန်နှင့် ယင်းဆွေးနွေးပွဲများတွင် ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကိုတင်ပြရန် စီမံကိန်းအဆိုပြုသူအား ညွှန်ကြားရမည်။

(ဃ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များအားလုံးကို စုစည်း၍ သုံးသပ်ပြီး ယင်းအစီရင်ခံစာ အတည်ပြုရေးဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၄၀။ ဝန်ကြီးဌာနက ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာသည် လိုအပ်ချက်များနှင့် ပြည့်စုံမှုမရှိ ဟု သတ်မှတ်ဆုံးဖြတ်လျှင်၊ ဦးစီးဌာနသည် စီမံကိန်းအဆိုပြုသူအား လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ရန်နှင့် ဝန်ကြီးဌာနကညွှန်ကြားသည့်အတိုင်း သတင်းအချက်အလက်များ ထပ်မံတင်ပြရန် အကြောင်းကြားရမည်။

၄၁။ ဝန်ကြီးဌာနသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စိစစ်သုံးသပ်ပြီးပါက -

(က) ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို အတည်ပြုပြီး စည်းကမ်းချက် သတ်မှတ်၍ ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဆက်လက်ပြုလုပ်ရန် လိုအပ်ကြောင်း ဆုံးဖြတ်လျှင် ထိုသို့ဆုံးဖြတ်ခြင်းအတွက် အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ စီမံကိန်းအဆိုပြုသူထံ အကြောင်းကြားရမည်။

(ဂ) ယင်း၏ဆုံးဖြတ်ချက်ကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည်။

၄၂။ ဦးစီးဌာနသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို လက်ခံရရှိပြီး အလုပ်လုပ်ရက် ရက်ပေါင်း ၆၀ အတွင်း ယင်းအစီရင်ခံစာနှင့် စပ်လျဉ်းသည့် ဝန်ကြီးဌာန၏ အပြီးသတ်ဆုံးဖြတ်ချက်ကို စီမံကိန်းအဆိုပြုသူထံပြန်ကြားရမည်။ ဝန်ကြီးဌာနက ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြင်ဆင်စေလိုပါက ဝန်ကြီးဌာန၏ အပြီးသတ်ဆုံးဖြတ်ချက်ပြန်ကြားရမည့်နေ့ရက် ကို တိုးမြှင့်သတ်မှတ်ပေးရမည်။

၄၃။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ် အပါအဝင် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို ထုတ်ဖော်ကြေညာခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများပြီးမြောက်ရေးအတွက် ကုန်ကျခဲ့သည့်စရိတ်အားလုံးကို စီမံကိန်းအဆိုပြုသူက ကျခံရမည်။

## အခန်း (၅)
## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း

### ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်

၄၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို နောက်ဆက်တွဲ"ခ" ပုံပြဇယားတွင် ဖော်ပြထားသည်။

၄၅။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းပြုလုပ်ရန် လုပ်ငန်းလိုင်စင် ရရှိထားသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို တာဝန်ပေးအပ်ရမည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းမစတင်မီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း ပြုလုပ်ရန် မိမိ ရွေးချယ်ထားသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အကြောင်းအချက်ကို ဦးစီးဌာနသို့ စာဖြင့် ရေးသားတင်ပြရမည်။

၄၆။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန် စီမံကိန်းအဆိုပြုသူက ရွေးချယ်ထားသော အဆိုပြု တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အကြောင်းအချက်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရရှိသည့်အခါ ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနတွင် လုပ်ငန်းလိုင်စင် ရယူထားသူ ဟုတ် မဟုတ်နှင့် ဆန်းစစ်ခြင်းဆောင်ရွက်ရန် သင့်လျော်သော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ဟုတ် မဟုတ်ကို စိစစ်၍အဆုံးအဖြတ်ပေးနိုင်ရန် ဝန်ကြီးဌာနသို့တင်ပြရမည်။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန် သင့်လျော်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဟုတ် မဟုတ်နှင့်စပ်လျဉ်း၍ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်ကိုစီမံကိန်းအဆိုပြုသူထံ အလုပ်လုပ်ရက်(၇)ရက်အတွင်း ပြန်ကြားရမည်။

### နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း

၄၇။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်း အမျိုးအစားအားလုံးသည်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာနယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်။

၄၈။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက်နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းနှင့် ဆန်းစစ်ခြင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းကို ကျွမ်းကျင်မှုဆိုင်ရာနည်းလမ်းဖြင့်ဆောင်ရွက်ရန်နှင့် ဤလုပ်ထုံးလုပ်နည်းနှင့် ဝန်ကြီးဌာနကထုတ်ပြန်ထားသော သို့မဟုတ် သတ်မှတ်ထားသောသက်ဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်ရမည်။

၄၉။ အဆိုပြုစီမံကိန်းနှင့်စပ်လျဉ်းသည့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းတွင်-

(က) လေ့လာမည့် နယ်မြေဧရိယာ၊ သက်ရောက်မှုရှိစေမည့် နယ်မြေဧရိယာ၊ အချိန် ကန့်သတ်ချက်၊ စီမံကိန်းအဆင့်နှင့် အကျိုးသက်ဆိုင်နိုင်သူများကို သတ်မှတ်ရမည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် တည်ဆဲစည်းမျဉ်း၊ စည်းကမ်းနှင့် စံချိန်စံညွှန်းများ၊ စီမံကိန်းဒီဇိုင်းနှင့် ပြီးစီးရန်အချိန်တို့ကို သိရှိသဘောပေါက်ရန် စတင်ဆောင်ရွက်ရမည်။

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရာတွင် ဆက်လက် အထူးပြုလေ့လာရန် လိုအပ်မည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာရပ်များကို ချိန်ထိုး၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်နိုင်မှုများနှင့် လိုအပ်ပါက ကျန်းမာရေးထိခိုက်နိုင်မှုများကို ဖော်ထုတ်သတ်မှတ်ရမည်။

(ဃ) မည်သည့်အခြေခံအချက်အလက်များလိုအပ်သည်၊ မည်သည့်နောက်ထပ်လေ့လာမှုများနှင့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရမည် နှင့် အချက်အလက်စုစည်းခြင်း၊ လေ့လာခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းကို မည်သို့ဆောင်ရွက်ရမည် အပါအဝင် ဆက်လက် ဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း၏ အကျယ်အဝန်းနှင့် အတိမ်အနက်ကို ညွှန်ပြပေးရမည်။

(င) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း မစတင်မီ အတိုင်ပင်ခံများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စီမံကိန်းဖော်ဆောင်သူများ၊ အကျိုးသက်ဆိုင်သူနှင့် စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများအား အဆိုပြုစီမံကိန်းနှင့်စပ်လျဉ်းသည့် ယင်းတို့၏အမြင်နှင့် သက်ဆိုင်မှုများကို ဖော်ထုတ်တင်ပြခွင့်ရှိစေရမည်။

(စ) အချိန်၊ အရင်းအမြစ်၊ ကုန်ကျစရိတ်ချွေတာနိုင်ပြီး ကြန့်ကြာမှုမရှိစေဘဲ ထိရောက်၍ ရှုထောင့်ပေါင်းစုံပါဝင်သည့် ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်ရမည်။

(ဆ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အခြားသက်ဆိုင်သူများနှင့် စီမံကိန်းတွင် စိတ်ဝင်စားသူများကို ဖော်ထုတ်ရမည်။

၅၀။ စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် အများပြည်သူပူးပေါင်းပါဝင်ခြင်းဆိုင်ရာ အောက်ပါတိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ရမည်-

(က) အဆိုပြုထားသည့် စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများက သိရှိနိုင်ရန် စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်တွင် တင်ပြခြင်းနှင့် စီမံကိန်းနေရာများတွင် အများပြည်သူမြင်တွေ့နိုင်သည့်ဆိုင်းဘုတ်များနှင့် ကြော်ငြာသင်ပုန်းများ ထင်ရှားစွာစိုက်ထူခြင်း အပါအဝင် ပြည်တွင်း မီဒီယာများမှ ထုတ်ဖော်ခြင်း၊

(ခ) ဒေသခံလူအဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် အဓိက ထိခိုက်ခံစားရမည့်သူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊လူမှုအဖွဲ့အစည်းများနှင့် လိုအပ်သည့် တိုင်ပင်ဆွေးနွေးပွဲများကို ဝန်ကြီးဌာနက အကြံပြုသည့်အတိုင်း စီစဉ်ပြုလုပ်ခြင်း၊ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း (အင်တာဗျူး)များကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်၍ ရှင်းလင်းတင်ပြခြင်း။

၅၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါအချက်များပါဝင်သည့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအစီရင်ခံစာကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဦးစီးဌာနသို့တင်ပြရမည်ဖြစ်ပြီး မြန်မာဘာသာဖြင့် ပြုစုထားသည့် အကျဉ်းချုပ်အစီရင်ခံစာ ပူးတွဲပါရှိရမည်-

(က) အစီရင်ခံစာအကျဉ်းချုပ်၊

(ခ) စီမံကိန်းနောက်ခံအချက်အလက်များ၊

(ဂ) မူဝါဒ၊ ဥပဒေဆိုင်ရာနှင့်အဖွဲ့အစည်းဆိုင်ရာ အကျဉ်းချုပ်၊

(ဃ) စီမံကိန်း အကြောင်းအရာဖော်ပြချက်နှင့် အခြားနည်းဆောင်ရွက်နိုင်မှုများ၊

(င) ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအချက်များနှင့်အခြားသက်ဆိုင်ရာအချက်အလက်များကိုဖော်ပြထားသည့်သင့်လျော်သောအချိုးအစားဖြင့် ရေးဆွဲဖော်ပြထားသည့်မြေပုံများ၊ ဓာတ်ပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ ဂြိုလ်တုဓာတ်ပုံများ၊

(စ) အဓိကဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ထိခိုက်မှုလျှော့ချရေး လုပ်ငန်းများ၊

(ဆ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အများပြည်သူသို့ ထုတ်ဖော်တင်ပြခြင်း၊

(ဇ) အကြံပြုချက်နှင့် နိဂုံး။

၅၂။ စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာကို အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနကထုတ်ပြန်ထားသော သို့မဟုတ် ချမှတ်ထားသော သက်ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပြုစုရမည်။

၅၃။ စီမံကိန်းအဆိုပြုသူသည် ပြုစုပြီးသော နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာနှင့် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို သုံးသပ်အတည်ပြုပေးနိုင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

၅၄။ ဦးစီးဌာနသည် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာနှင့် ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များကို လက်ခံရရှိပြီး အလုပ်လုပ်ရက် ၁၅ ရက်အတွင်း ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် -

(က) နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာနှင့် ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များကို စည်းကမ်းသတ်မှတ်ချက်များဖြင့်လည်းကောင်း၊ စည်းကမ်းသတ်မှတ်ချက်မပါရှိဘဲနှင့်လည်းကောင်း အတည်ပြုပြန်ကြားရမည်၊ သို့မဟုတ်

(ခ) စီမံကိန်းအဆိုပြုသူအား နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာနှင့် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်စေရမည်။

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စုံစမ်းစစ်ဆေးခြင်း**

၅၅။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် ဆိုးကျိုးသက်ရောက်မှုအားလုံးကို သင့်တင့်စွာ စုံစမ်းစစ်ဆေးမှုပြုရန်နှင့် ဦးစီးဌာနက အတည်ပြုထားသော လုပ်ငန်းတာဝန်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၆။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စုံစမ်းစစ်ဆေးရာတွင်လေ့လာမှုဧရိယာ၏ သက်ရှိဇီဝဆိုင်ရာ၊ ရုပ်ဝတ္ထုဆိုင်ရာ၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ရှုခင်းရှုကွက် အစိတ်အပိုင်းများနှင့်အတူ အကြိုတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ ပိတ်သိမ်းခြင်းနှင့် လုပ်ငန်းပိတ်သိမ်းပြီးနောက်ပိုင်း စသည့် စီမံကိန်းလုပ်ငန်းအဆင့်အားလုံး ဆောင်ရွက်စဉ်အတွင်း စီမံကိန်းကြောင့်

ထိခိုက်ရသော မြေအသုံးချမှု၊ အရင်းအမြစ်အသုံးပြုမှု၊ မြေပိုင်ဆိုင်မှုနှင့် မြေနှင့် အခြားအရင်းအမြစ်ဆိုင်ရာအခွင့်အရေးတို့အပါအဝင် ပတ်ဝန်းကျင်၊ အများပြည်သူနှင့် လူမှုအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေရေးရာကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ထို့အပြင် စီမံကိန်းမှ ပေါ်ပေါက်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများ၊ ဘေးအန္တရာယ်ရှိမှုများ၊ ကြွင်းကျန်သက်ရောက်မှုများနှင့် ဆက်စပ်သက်ရောက်မှုများအတွက် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှုနှင့် လိုအပ်ပါက ကျန်းမာရေးထိခိုက်မှုတို့ကို ဆန်းစစ်သုံးသပ်ရမည်။

၅၇။ စုံစမ်းစစ်ဆေးခြင်းတွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော အချက်အလက်များစုစည်းကောက်ယူခြင်း၊ နည်းပညာဆိုင်ရာလေ့လာခြင်း၊ ပုံစံတွက်ချက်ထုတ်လုပ်ခြင်း၊ ကွင်းဆင်းတိုင်းတာခြင်း၊ ကွင်းဆင်းနမူနာ ကောက်ယူခြင်း၊ ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးခြင်း၊ စက်မှုပိုင်းဆိုင်ရာဒီဇိုင်းရေးဆွဲခြင်းနှင့် တွက်ချက်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ရန် တိုင်ပင်ဆွေးနွေးခြင်းနှင့် ကြွင်းကျန်သက်ရောက်မှုများသည် စံသတ်မှတ်ချက်အတွင်းတွင်ရှိပြီး ဝန်ကြီးဌာန၊ အကျိုးသက်ဆိုင်သူများနှင့် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများက လက်ခံနိုင်မှုရှိကြောင်း ခိုင်မာသည့် စာရွက်စာတမ်း အထောက်အထားများ ပါဝင်ရမည်။

၅၈။ စုံစမ်းစစ်ဆေးခြင်းတွင် အခြားဆောင်ရွက်နိုင်သောနည်းလမ်းများကို အနုစိတ်လေ့လာခြင်းလည်း ပါဝင်ရမည်။ ယင်းအနုစိတ်လေ့လာခြင်းတွင် အခြားဆောင်ရွက်နိုင်သော နည်းလမ်းအသီးသီးအကြောင်းဖော်ပြချက်၊ ဆိုးကျိုးသက်ရောက်မှုများအား ဆန်းစစ်ချက်နှင့် နှိုင်းယှဉ်ချက်၊ ဆိုးကျိုးလျော့နည်းစေရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများနှင့် အခြားနည်းဆောင်ရွက်နိုင်မှုများ၏ ကြွင်းကျန်သက်ရောက်မှုများ ပါဝင်ရမည်။

၅၉။ စီမံကိန်းအဆိုပြုသူသည်ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ ဝန်ကြီးဌာနကဖြစ်စေ အတည်ပြုထားသော သက်ဆိုင်ရာ အမျိုးသားစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းကိုလည်းကောင်း၊ ယင်းအမျိုးသားစံချိန်စံညွှန်း သို့မဟုတ် ချမှတ်ထားသော အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းမရှိပါက ဝန်ကြီးဌာနကသဘောတူထားသော စံချိန်စံညွှန်းများကိုလည်းကောင်း အသုံးပြုခြင်း သို့မဟုတ် လိုက်နာခြင်းနှင့် ကိုးကားခြင်းပြုရမည်။

၆၀။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းတွင် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ သို့မဟုတ် စီမံကိန်းတွင် အကျိုးသက်ဆိုင်သူများ၏အမြင်၊ အလေးထားမှုနှင့် သဘောထားများကို ထည့်သွင်းစဉ်းစားရမည်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းတွင် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း၏ရလဒ်များ၊ ထိခိုက်ခံစားရသည့်အများပြည်သူနှင့် အခြားသက်ဆိုင်သူများ၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာပြဿနာများ ပါဝင်ရမည်။ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ဆန်းစစ်ခြင်း၊ ဆိုးကျိုးသက်သာလျော့နည်းစေသည့် အရေးယူ ဆောင်ရွက်ချက်များကို ဒီဇိုင်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုနှင့်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ရေးဆွဲခြင်းတို့တွင် တိုင်ပင်ဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် စိုးရိမ်ကြောင့်ကြမှုများကို ထည့်သွင်းစဉ်းစားရမည်။

၆၁။ စီမံကိန်းအဆိုပြုသူသည် အောက်ဖော်ပြပါ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စုံစမ်းစစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်ရမည်-

(က) အဆိုပြုစီမံကိန်း၊ယင်း၏ဆိုးကျိုးသက်ရောက်မှုများနှင့်သက်ဆိုင်သောသတင်းအချက်အလက်များကိုအများပြည်သူနှင့်လူမှုအဖွဲ့အစည်းများသိရှိနိုင်စေရန် သက်ဆိုင်ရာဒေသနှင့် နိုင်ငံပိုင်မီဒီယာများမှလည်းကောင်း၊ စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်မှလည်းကောင်း၊စာကြည့်တိုက်များ၊ပြည်သူ့ခန်းမများစသည့်အများပြည်သူ

ဆိုင်ရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းနေရာတွင် အများမြင်သာအောင် ဆိုင်းဘုတ်များ စိုက်ထူ၍လည်းကောင်း၊အခြားသင့်လျော်သော နည်းလမ်းဖြင့်လည်းကောင်း၊ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း (အင်တာဗျူး)များ ပြုလုပ်၍လည်းကောင်းအချိန်နှင့်တစ်ပြေးညီဖော်ထုတ်တင်ပြခြင်း၊

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများပါဝင်သည့် အမျိုးသားအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ဒေသအဆင့် တိုင်ပင်ဆွေးနွေးပွဲများ စီစဉ်ကျင်းပခြင်း၊

(ဂ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာအစိုးရအဖွဲ့စသည်တို့ အပါအဝင် သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊

(ဃ) ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများအတွက် ကွင်းဆင်းလေ့လာရေး ခရီးစဉ်များ စီစဉ်ခြင်း။

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအတွက် လိုအပ်ချက်များ**

၆၂။ စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကသတ်မှတ်သည့်ပုံစံဖြင့် အောက်ပါအချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုဝန်ခံချက်နှင့်အတူ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဦးစီးဌာနသို့တင်ပြရမည်ဖြစ်ပြီး မြန်မာဘာသာဖြင့် ပြုစုထားသည့် အကျဉ်းချုပ်အစီရင်ခံစာ ပူးတွဲပါရှိရမည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၏ တိကျမှုနှင့် ပြည့်စုံမှုရှိကြောင်း၊

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဤလုပ်ထုံးလုပ်နည်း အပါအဝင် သက်ဆိုင်ရာဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် လုပ်ငန်းတာဝန်များနှင့်အညီ တိကျစွာ လိုက်နာပြုစုကြောင်း၊

(ဂ) စီမံကိန်းက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်အစီရင်ခံစာပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲလိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း။

၆၃။ စီမံကိန်းအဆိုပြုသူသည်အောက်ပါအချက်များပါဝင်သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြုစုရန်တာဝန်ရှိသည်-

(က) အကျဉ်းချုပ်အစီရင်ခံစာ၊

(ခ) နိဒါန်း

(၁) စီမံကိန်းအဆိုပြုသူ၏ တင်ပြချက်၊

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုရေးကျွမ်းကျင်သူများ၏တင်ပြချက်၊

(၃) ကျန်းမာရေးအပေါ်ထိခိုက်စေနိုင်သည့် စီမံကိန်းလုပ်ငန်းများအတွက် ကျန်းမာရေးကျွမ်းကျင်သူများ၏ တင်ပြချက်။

(ဂ) မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်

(၁) ပေါင်းစည်း အကောင်အထည်ဖော်မည့် ကုမ္ပဏီအဖွဲ့အစည်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒ၊

(၂) တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ၊ အမျိုးသားနှင့်

အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ အပါအဝင် မူဝါဒနှင့် ဥပဒေရေးရာမူဘောင်၊

(၃) လိုက်နာရန်တာဝန်ရှိသောကတိကဝတ်များနှင့် အခြားကတိကဝတ်များ၊

(၄) အဖွဲ့အစည်းဆိုင်ရာမူဘောင်၊

(၅) စီမံကိန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများ၊

(၆) ကျန်းမာရေးအပေါ်ထိခိုက်စေနိုင်သည့် စီမံကိန်းလုပ်ငန်းများအတွက် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများ။

(ဃ) စီမံကိန်းအကြောင်းအရာဖော်ပြချက်နှင့် အခြားနည်းရွေးချယ်ခြင်း

(၁) စီမံကိန်း၏နောက်ခံအကြောင်းအရာ၊

(၂) စီမံကိန်းတည်နေရာ၊ စီမံကိန်းနေရာတစ်ခုလုံးကို ခြုံငုံဖော်ပြသည့်မြေပုံနှင့် လုပ်ငန်းခွင်အလိုက် နေရာချထားမှုမြေပုံများ၊

(၃) စီမံကိန်းဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေး အချိန်ဇယား၊

(၄) စီမံကိန်းအရွယ်အစား၊ တပ်ဆင်မှု၊ အသုံးပြုနည်းပညာ၊ အခြေခံ အဆောက်အအုံ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ ကုန်ကြမ်းနှင့် အရင်းအမြစ်များ သုံးစွဲမှု၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှု၊ ထုတ်လွှတ်မှုနှင့် အနှောင့်အယှက်ဖြစ်စေမှုဖော်ပြချက်များနှင့် အတူ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလ စသည့် စီမံကိန်းလုပ်ငန်းအဆင့်တစ်ခုချင်းစီအတွက်စီမံကိန်းတစ်ခုလုံးဖော်ပြသောမြေပုံများ၊ စီမံကိန်းလုပ်ငန်းခွင်တစ်ခုချင်းစီအလိုက်နေရာချထားမှု ပုံစံပြမြေပုံများနှင့် ဒီဇိုင်းရေးဆွဲထားမှုများ၊

(၅) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလ စသည့် စီမံကိန်းလုပ်ငန်းအဆင့်တစ်ခုချင်းစီအလိုက် ရွေးချယ်ထားသော အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ အကြောင်းဖော်ပြချက်။

(၆) လိုလားသည့် အခြားဆောင်ရွက်နိုင်သော နည်းလမ်းများ နှိုင်းယှဉ်ဖော်ပြချက်၊

(င) အနီးပတ်ဝန်းကျင်အကြောင်းအရာများ ဖော်ပြချက်

(၁) လေ့လာမှုဆိုင်ရာ ကန့်သတ်ချက်များ သတ်မှတ်ခြင်း၊

(၂) နည်းလမ်းနှင့် ရည်ရွယ်ချက်၊

(၃) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်စီမံကိန်းရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်၊ပြည်နယ် နှင့် တိုင်းဒေသကြီးအဆင့်၊ မြို့နှင့် မြို့နယ်အဆင့် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများ၊ မြေပြင်အနေအထားဆိုင်ရာစီမံကိန်းနှင့် ကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် သက်ဆိုင်သော အဓိကအခြေခံအချက်များအား ထုတ်နုတ်ဖော်ထုတ် သတ်မှတ်ခြင်း၊

(၄) အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သတ်မှတ် ကာကွယ်ထားသည့်နေရာဒေသများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အပါအဝင် သစ်တောထိန်းသိမ်းရေးဧရိယာ၊ အများပြည်သူဆိုင်ရာသစ်တော၊ အဏ္ဍာဝါ ဥယျာဉ် အပါအဝင် ဥယျာဉ်၊ ဒီရေတောရေဝပ်ဧရိယာ၊ အခြားအရေးပါသော ကမ်းရိုးတန်းဒေသများ၊ သဘာဝဘေးမဲ့တော၊ သိပ္ပံပညာရပ်ဆိုင်ရာထိန်းသိမ်း

ထားသောနယ်မြေ၊ သဘာဝထိန်းသိမ်းရေးနယ်မြေ၊ ဘူမိရူပဆိုင်ရာ ထိန်းသိမ်းထားသောအထင်ကရနေရာ၊ ဝန်ကြီးဌာနကသတ်မှတ်ကြေညာထားသော အခြားသဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ထိန်းသိမ်းကာကွယ်ထားသော ယဉ်ကျေးမှုအမွေအနှစ်နေရာနှင့် ထိန်းသိမ်းကာကွယ်ထားသော ရှေးဟောင်းသုတေသနဆိုင်ရာ သို့မဟုတ် သမိုင်းဆိုင်ရာ အထင်ကရနေရာများတွင် တည်ရှိနေခြင်း သို့မဟုတ် အကန့်အသတ်မရှိ ပါဝင်နေခြင်း၊

(၅) ရူပပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအချက်များနှင့် စပ်လျဉ်း၍ မြေမျက်နှာသွင်ပြင်၊ ရေအရင်းအမြစ်၊ ဘူမိဗေဒဆိုင်ရာ၊ မြေဆီလွှာ၊ ဇလဗေဒဆိုင်ရာ၊ ပတ်ဝန်းကျင် အရည်အသွေး၊ ရာသီဥတု၊ သစ်တောသစ်ပင် ဖုံးလွှမ်းမှုနှင့် မြေပြင်လျှောင်၊ ဆူနာမီ၊ ပြင်းထန်သော ရာသီဥတုဖြစ်စဉ်၊ ရေကြီးခြင်း၊ ခြောက်သွေ့ခြင်း၊ တောမီးလောင်ခြင်းနှင့်အခြားကိစ္စများအပါအဝင် သဘာဝဘေးအန္တရာယ်များတို့နှင့် သက်ဆိုင်သော အချက်အလက်များနှင့် မြေပုံများ၊

(၆) သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များနှင့်စပ်လျဉ်း၍ တိရစ္ဆာန်နှင့်အပင်များပေါများသော၊ ရှားပါးသော၊ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သောနှင့် ထိခိုက်လွယ်သောမျိုးစိတ်များနှင့် စီးပွားရေးနှင့် ကျန်းမာရေး၊ အစာအဟာရဆိုင်ရာ တန်ဖိုးရှိ မျိုးစိတ်များနှင့် ပတ်သက်သည့် အကြောင်းအရာဖော်ပြချက်များနှင့် မြေပုံများ၊ ထိခိုက်လွယ်သော ပတ်ဝန်းကျင်ဆိုင်ရာနေရာဒေသများနှင့် နေရင်းဒေသများ နှင့် ပတ်သက်သည့် အကြောင်းအရာဖော်ပြချက်များနှင့် မြေပုံများ၊

(၇) အခြေခံအဆောက်အအုံနှင့်ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေး၊ အများပြည်သူအသုံးပြုမှုနှင့် ဝန်ဆောင်မှုဆိုင်ရာအခြေခံအဆောက်အအုံ၏ တည်နေရာ၊ အရွယ်အစား သို့မဟုတ် စွမ်းအား၊

(၈) လူမှု-စီးပွားဆိုင်ရာအကြောင်းအချက်များနှင့်စပ်လျဉ်း၍ ဝင်ငွေနှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ နေထိုင်မှုအခြေအနေ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုနှင့် သဘာဝအရင်းအမြစ်များ ရရှိမှုအခွင့်အလမ်း၊ မြေအသုံးချမှုပြမြေပုံ၊ လူဦးရေပြန့်နှံ့နေထိုင်မှုပြ မြေပုံ၊ ဆင်းရဲမှု၊ အလုပ်အကိုင်နှင့် ပညာရေး စသည့် အခြားလူမှု-စီးပွားရေး အညွှန်းကိန်းများပြ မြေပုံနှင့် ဇယားများ၊

(၉) ပြည်သူ့ကျန်းမာရေးဆိုင်ရာအကြောင်းအချက်များနှင့်စပ်လျဉ်း၍ သေဆုံးမှု၊ မကျန်းမာမှု၊ ရောဂါဖြစ်ပွားမှု၊ မတော်တဆမှုနှင့် ထိခိုက်ဒဏ်ရာရမှု၊ လူမှုကျန်းမာရေး ဆိုင်ရာ ပိုင်းခြားသတ်မှတ်ထားမှု၊

(၁၀) ယဉ်ကျေးမှုဆိုင်ရာအကြောင်းအချက်များနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဆိုင်ရာ၊ သမိုင်းဆိုင်ရာ နှင့် ဘာသာရေးဆိုင်ရာ နေရာများ၊ ဖွဲ့စည်းပုံနှင့် အကြောင်းအရာများ၊ ပသာဒ အလှအပမြင်ကွင်းဆိုင်ရာတန်ဖိုးမြင့်မားမှု၊ ရိုးရာ အယူအဆများ၊ ကိုးကွယ် ယုံကြည်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများဖော်ပြချက်၊

(၁၁) သုံးဘက်မြင်ပုံစံများ အသုံးပြု၍ မြေယာရှုခင်း၊ မြို့ပြရှုခင်း၊ ပင်လယ်ရှုခင်းများ အပါအဝင် မြင်ကွင်းဆိုင်ရာ အကြောင်းအချက်များ။

(စ) ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့် ဘေးအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းနှင့် လျော့နည်းစေရေးလုပ်ငန်းများ

(၁) ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုနှင့်ဘေးအန္တရာယ်ရှိမှုဆန်းစစ်ခြင်းနည်းလမ်း၊

(၂) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလစသည့် စီမံကိန်းလုပ်ငန်းအဆင့်တစ်ခုချင်းစီအတွက် သက်ရောက်မှုနှင့် ဘေးအန္တရာယ်ရှိမှု သတ်မှတ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လျော့နည်းစေခြင်း-

(ကက)ရူပဆိုင်ရာ၊ ဇီဝဆိုင်ရာ၊ လူမှုရေး၊ လူမှု-စီးပွားရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာနှင့်ရှုခင်းရှုကွက်များ၊ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်း၊ ကာဗွန်စုပ်ယူသိမ်းဆည်းမှုများ လျော့နည်းစေခြင်း စသည့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်နိုင်မှုများ၊ အမျိုးသားအဆင့်တာဝန်ရှိ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းများ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကြိုတင်ခန့်မှန်းချက်များကိုအခြေခံ၍ စီမံကိန်းလုပ်ငန်းအလိုက် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်စေနိုင်မှုများ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ထိခိုက်နိုင်မှုများအားဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်း၊

(ခခ) စီမံကိန်းနှင့်သက်ဆိုင်သည့် ဖြစ်လာနိုင်မှုများ၊ သဘာဝနှင့် စက်မှုဆိုင်ရာ ဘေးအန္တရာယ်ဖြစ်မှုများကို ဖော်ထုတ်သတ်မှတ်၍ ဆန်းစစ်ခြင်း၊

(ဂဂ) ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့် ဘေးအန္တရာယ်ရှိမှု လျော့နည်းစေရန် သင့်လျော်သည့် လုပ်ငန်းများ၏ ဒီဇိုင်း၊ နေရာချထားမှု၊ ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု၊

(ဃဃ)ကြွင်းကျန်သက်ရောက်မှုများနှင့် ဘေးအန္တရာယ်ရှိမှုများအား တည်ဆဲစည်းမျဉ်းစည်းကမ်း၊ စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များ နှိုင်းယှဉ်ဖော်ပြချက်၊

(ငင) ဘက်စုံစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်

(ဆ) ဆက်စပ်သက်ရောက်မှုဆန်းစစ်ခြင်း

(၁) ဆောင်ရွက်မည့်နည်းလမ်းနှင့် ချဉ်းကပ်မှု၊

(၂) ဆက်စပ်သက်ရောက်မှုဆန်းစစ်ခြင်း-

(ကက)လက်ရှိ နှင့် အနာဂတ်တွင် ပုဂ္ဂလိက နှင့် ပြည်သူပိုင် စီမံကိန်းများနှင့် ဖွံ့ဖြိုးမှုများ အကြောင်းအရာအကျဉ်းချုပ် ဖော်ပြချက်နှင့် မြေပုံ၊

(ခခ) အနီးပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာနိုင်သည့် ဆက်စပ်သက်ရောက်မှုဆိုင်ရာအကြောင်းအချက်များနှင့် ထိုသက်ရောက်မှုများဖြစ်ပေါ်စေရန် စီမံကိန်း၏ ပါဝင်ကူညီမှုတို့ကို သတ်မှတ်ဖော်ထုတ်၍ ဆန်းစစ်ခြင်း၊

(ဂဂ) စီမံကိန်း၏ အရေးကြီးအဆင့်ထက်ကျော်လွန်နိုင်ကြောင်းနှင့် ဆက်စပ်သက်ရောက်မှုများနှင့် ဆက်စပ်နေကြောင်း၊

(ဃဃ)ဆက်စပ်သက်ရောက်မှုများအား စီမံကိန်း၏ပါဝင်ကူညီမှုကို လျော့နည်းစေရန် ဆောင်ရွက်မည့် လုပ်ငန်းများ ဖော်ပြချက်၊

(ဇ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

(၁) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလစသည့် စီမံကိန်းလုပ်ငန်းအဆင့်အလိုက် အကြောင်းအရာဖော်ပြချက်၊

(၂) စီမံကိန်း၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေးဆိုင်ရာနှင့် လိုအပ်ပါ က ကျန်းမာရေးဆိုင်ရာ မူဝါဒ၊ ကတိကဝတ်၊ ဥပဒေဆိုင်ရာလိုအပ်ချက်နှင့် ဖွဲ့စည်းမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ၊

(၃) ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် လျော့နည်းစေရန် ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် ယေဘုယျ အသုံးစရိတ်၊

(၅) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလစသည့် စီမံကိန်းလုပ်ငန်းအဆင့်အလိုက် စီမံခန့်ခွဲမှုနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု အစီအစဉ်ခွဲများနှင့်စပ်လျဉ်း၍ ဆူညံမှု၊ တုန်ခါမှု၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေနှင့် ရေဆိုးများ၊ လေအရည်အသွေး၊ အနံ့၊ ဓာတုပစ္စည်း၊ ရေအရည်အသွေး၊ တိုက်စားမှုနှင့် နုန်းအနည်ကျမှု၊ ဇီဝမျိုးစုံမျိုးကွဲ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်၊ အလုပ်အကိုင်နှင့် လေ့ကျင့်သင်ကြားမှုနှင့် အရေးပေါ်တုန့်ပြန်မှု စသည့် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးမှု ကိစ္စရပ်များ ဖော်ပြချက်၊

(၆) အစီအစဉ်ခွဲအလိုက် ပါဝင်ရမည့် အကြောင်းအရာများ၊

(ကက) ရည်ရွယ်ချက်များ၊

(ခခ) ဥပဒေဆိုင်ရာလိုအပ်ချက်များ၊

(ဂဂ) လွှမ်းခြုံမြေပုံကြီးများ၊ လုပ်ငန်းခွင်အလိုက်မြေပုံများ၊ ဓာတ်ပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ ဂြိုလ်တုဓာတ်ပုံများ၊

(ဃဃ) အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်

(ငင) စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊

(စစ) စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များ၊

(ဆဆ) ရန်ပုံငွေလျာထားချက်နှင့် တာဝန်များ။

(ဈ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်း၊

(၁) နည်းလမ်းသတ်မှတ်မှုနှင့် ချဉ်းကပ်မှု၊

(၂) ဆွေးနွေးညှိနှိုင်းမှုအကျဉ်းချုပ်နှင့် ဆောင်ရွက်သည့်လုပ်ရှားဆောင်ရွက်မှုများ၊

(၃) ဆွေးနွေးညှိနှိုင်းမှုများ၏ ရလဒ်များ၊

(၄) ဆက်လက်ဆောင်ရွက်မည့်တိုင်ပင်ဆွေးနွေးမှုများ၊

(၅) သတင်းအချက်အလက်ထုတ်ဖော်ချက်။

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ တင်ပြခြင်း**

၆၄။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်သည့်စီမံကိန်း အမျိုးအစားများအတွက် ဆောင်ရွက်ရန်လိုအပ်သော စုံစမ်းစစ်ဆေးမှု၊ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုနှင့် အများပြည်သူ ပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ်များအားလုံး ဆောင်ရွက်ပြီးစီးသည့်အခါ

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို စာရွက်စာတမ်းအပြည့်အစုံဖြင့်လည်းကောင်း၊ ဒီဂျီတယ်ပုံစံဖြင့်လည်းကောင်း ဦးစီးဌာနကသတ်မှတ်သည့် ဝန်ဆောင်ခပေးသွင်းစေ၍ ဦးစီးဌာနသို့ တင်သွင်းရမည်။

၆၅။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ဦးစီးဌာနသို့ တင်သွင်းပြီးနောက် ၁၅ ရက်ထက်နောက်မကျစေဘဲ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် အခြားအကျိုးသက်ဆိုင်သူများသိရှိနိုင်ရန် သတင်းစာကဲ့သို့သော နိုင်ငံပိုင် မီဒီယာများမှလည်းကောင်း၊ စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်မှလည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူစုဝေးရာ နေရာများတွင်လည်းကောင်း၊ စီမံကိန်းအဆိုပြုသူ၏ ရုံးဌာနများတွင်လည်းကောင်း ထုတ်ဖော်ကြေညာရမည်။

၆၆။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို လက်ခံရရှိသည့်အခါ ယင်းအစီရင်ခံစာအားအများပြည်သူသိရှိနိုင်စေရန်ရရှိနိုင်သောနည်းလမ်းများဖြင့်ထုတ်ဖော်ကြေညာရမည်။

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအပေါ် သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း**

၆၇။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းအဆိုပြုသူထံမှရရှိသည့်အခါ-

(က) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို သဘောထားမှတ်ချက် သို့မဟုတ် ထောက်ခံချက်အတွက် စိစစ်သုံးသပ်နိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့သို့ ပေးပို့ရမည်၊

(ခ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာအပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များပေးပို့ရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ အပါအဝင် သက်ဆိုင်သူအားလုံးကို သင့်လျော်သလို ဖိတ်ခေါ်ရမည်။

(ဂ) အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီနယ်မြေအဆင့်တွင် စီမံကိန်းအဆိုပြုသူကအများပြည်သူနှင့်တိုင်ပင်ဆွေးနွေးပွဲများကျင်းပရန်နှင့်ယင်းဆွေးနွေးပွဲများတွင်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကိုတင်ပြရန် စီမံကိန်းအဆိုပြုသူအား ညွှန်ကြားရမည်။

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်နှင့် ထောက်ခံချက်များအပါအဝင် လက်ခံရရှိသော သဘောထားမှတ်ချက်နှင့် အကြံပြုချက်အားလုံးကို စုစည်းသုံးသပ်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ အတည်ပြုရေးဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၆၈။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာသည် သတ်မှတ်ချက်များနှင့် ပြည့်စုံမှုမရှိဟု ဝန်ကြီးဌာနက ဆုံးဖြတ်သည့်အခါ၊ ဦးစီးဌာနသည် စီမံကိန်းအဆိုပြုသူအား ဝန်ကြီးဌာနက ညွှန်ကြားသည့်အတိုင်း လိုအပ်သလို ပြင်ဆင်မှုများဆောင်ရွက်ရန် အကြောင်းကြားရမည်။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာကို လက်ခံရရှိပြီးနောက် အလုပ်လုပ်ရက် ရက်ပေါင်း (၉၀)အတွင်း ယင်း၏အပြီးသတ်ဆုံးဖြတ်ချက်ကိုချမှတ်ရမည်။ ပေါင်းစပ်စီမံကိန်းများ ဖြစ်သည့်အခါ

သို့မဟုတ် ဝန်ကြီးဌာနကပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြင်ဆင်စေလိုသည့် အခါတွင်ဝန်ကြီးဌာန၏အပြီးသတ်ဆုံးဖြတ်ချက်ပြန်ကြားရမည့်နေ့ရက်ကိုတိုးမြှင့်သတ်မှတ်ပေးရမည်။

၆၉။ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ် အပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ ထုတ်ဖော်ကြေညာခြင်းနှင့် သုံးသပ်ခြင်းလုပ်ငန်းစဉ်ပြီးမြောက်ရေးအတွက် ကုန်ကျခဲ့သည့် စရိတ်အားလုံးကို စီမံကိန်းအဆိုပြုသူက ကျခံရမည်။

၇၀။ ဝန်ကြီးဌာနသည်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စိစစ်သုံးသပ်ပြီးပါက-

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ကော်မတီ၏လမ်းညွှန်ချက်ဖြင့် အတည်ပြုပြီး လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ သတ်မှတ်ပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ထုတ်ပေးရမည် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအား ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို ဝန်ကြီးဌာနကထုတ်ပြန်သည့်လမ်းညွှန်များနှင့်အညီ ငြင်းပယ်ရခြင်းဖြစ်ကြောင်း အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ စီမံကိန်းအဆိုပြုသူထံ အကြောင်းကြားရမည်။

(ခ) ယင်း၏ဆုံးဖြတ်ချက်ကို အများပြည်သူသိရှိရန် အချိန်နှင့်တစ်ပြေးညီ သင့်လျော်သော နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၆)
## အယူခံခြင်း

၇၁။ (က) ဝန်ကြီးဌာနကပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအားအတည်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အများပြည်သူသို့ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း(၃၀)အတွင်း စီမံကိန်းအဆိုပြုသူကသော်လည်းကောင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကိုတင်ပြသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကသော်လည်းကောင်း၊ စီမံကိန်း၏ ဆိုးကျိုးထိခိုက်မှုများကြောင့် ထိခိုက်နိုင်သည့် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကသော်လည်းကောင်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအားအတည်ပြုသည့် သို့မဟုတ် ငြင်းပယ်သည့်ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းနှင့်အညီဝန်ကြီးဌာနမှတစ်ဆင့်ကော်မတီသို့အယူခံဝင်နိုင်သည်။ သို့ရာတွင်-

(၁) ဝန်ကြီးဌာန၏ ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်သည် ဤလုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ထားခြင်းမဟုတ်ကြောင်း သို့မဟုတ် ခိုင်လုံသော အကြောင်းအချက်များပေါ်တွင်အခြေခံ၍ ဆုံးဖြတ်ထားခြင်းမဟုတ်ကြောင်း သို့မဟုတ် တရားမျှတမှုမရှိကြောင်း အယူခံသူက အခိုင်အမာတင်ပြနိုင်သည့်ကိစ္စမှတစ်ပါး အယူခံခွင့် မရှိစေရ။

(၂) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ကိစ္စရပ်တစ်ခုတည်းအပေါ်တွင် တစ်ကြိမ်ထက်ပို၍ ထပ်မံအယူခံခွင့်မရှိစေရ။

(၃) ဝန်ကြီးဌာနက သတ်မှတ်သည့် စည်းကမ်းချက်များကို အယူခံခွင့်မရှိစေရ။

၇၂။ ဝန်ကြီးဌာနသည် အယူခံတင်သွင်းရမည့် ကာလအတွင်းလက်ခံရရှိသည့် အယူခံမှုများကို လက်ခံရရှိသည့် နေ့ရက်မှ (၁၅)ရက်အတွင်း ကော်မတီသို့ တင်ပြရမည်။

၇၃။ ကော်မတီသည် ဝန်ကြီးဌာနက တင်ပြသည့်အယူခံမှုကို လက်ခံရရှိသည့်နေ့ရက်မှ အလုပ်လုပ်ရက် ရက်ပေါင်း(၃၀)အတွင်း သုံးသပ်၍ အောက်ပါတို့ကို ဆုံးဖြတ်နိုင်သည်-

(က) ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊

(ခ) စီမံကိန်းအဆိုပြုသူအား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ပြင်ဆင်၍ ဝန်ကြီးဌာန သို့ ပြန်လည်တင်ပြစေရန် ဝန်ကြီးဌာနအား ညွှန်ကြားခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကိုပြောင်းလဲရန်၊ ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်အကျိုးအကြောင်းဖော်ပြချက်ဖြင့် ညွှန်ကြားခြင်း။

၇၄။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၇၅။ ဝန်ကြီးဌာနသည် ကော်မတီ၏ ဆုံးဖြတ်ချက်ကိုအယူခံလျှောက်ထားသူနှင့်စီမံကိန်းအဆိုပြုသူတို့ထံအကြောင်းကြားရမည်။ ကော်မတီ၏ဆုံးဖြတ်ချက်ကိုလက်ခံရရှိသည့်အခါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့်စပ်လျဉ်းသည့် မိမိ၏ဆုံးဖြတ်ချက်ကိုပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းအား အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၇)
## ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

၇၆။ နည်းဥပဒေ ၅၅(က) အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် ဝန်ကြီးဌာနက ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၂၄ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြရန် လိုအပ်ကြောင်းသတ်မှတ်သည့် စီမံကိန်းအမျိုးအစားအတွက် စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အပိုဒ် ၁၈ နှင့်အညီ လုပ်ငန်းလိုင်စင်ရယူထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုခန့်အပ်၍သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲတင်ပြခြင်းလုပ်ငန်းစဉ်ကို နောက်ဆက်တွဲ"ခ" ပုံပြဇယားတွင် ဖော်ပြထားသည်။

၇၇။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အပိုဒ် ၆၃(ဇ) ပါဝန်ကြီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် အောက်ပါအချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုဝန်ခံချက်နှင့်အတူ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဦးစီးဌာနသို့တင်ပြရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စာရွက်စာတမ်းအပြည့်အစုံဖြင့်လည်းကောင်း၊ ဒီဂျီတယ်ပုံစံဖြင့်လည်းကောင်း ဦးစီးဌာနကသတ်မှတ်သည့် ဝန်ဆောင်ခပေးသွင်းစေ၍ ဦးစီးဌာနသို့ တင်သွင်းရမည်-

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာကြောင်းနှင့် ပြည့်စုံကြောင်း၊

(ခ) ဤလုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲထားကြောင်း၊

(ဂ) စီမံကိန်းသည်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်၊ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကိုအပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း။

၇၈။ ဦးစီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းအဆိုပြုသူထံမှ ရရှိသည့်အခါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အပေါ် စိစစ်သုံးသပ်ပြီး ယင်းအစီရင်ခံစာ အတည်ပြုရေးဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဝန်ကြီးဌာနသို့တင်ပြရမည်။

၇၉။ ဝန်ကြီးဌာနက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် လိုအပ်ချက်များနှင့် ပြည့်စုံမှုမရှိဟု သတ်မှတ်ဆုံးဖြတ်လျှင်၊ ဦးစီးဌာနသည် စီမံကိန်းအဆိုပြုသူအားလိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်ရန် နှင့်ဝန်ကြီးဌာနကညွှန်ကြားသည့်အတိုင်းသတင်းအချက်အလက်များထပ်မံတင်ပြရန် အကြောင်းကြား ရမည်။

၈၀။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စိစစ်သုံးသပ်ပြီးပါက -

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုအတည်ပြုပြီးစည်းကမ်းချက်သတ်မှတ်၍ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဆက်လက်ပြုလုပ်ရန်လိုအပ်ကြောင်းသတ်မှတ်ဆုံးဖြတ်လျှင်ထိုသို့ဆုံးဖြတ်ခြင်းအတွက် အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ စီမံကိန်းအဆိုပြုသူထံ အကြောင်းကြားရမည်။

(ဂ) ယင်း၏ဆုံးဖြတ်ချက်ကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည်။

၈၁။ ဦးစီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လက်ခံရရှိပြီး အလုပ်လုပ်ရက် ရက်ပေါင်း ၃၀ အတွင်း ယင်းအစီအစဉ်နှင့်စပ်လျဉ်းသည့် ဝန်ကြီးဌာန၏ အပြီးသတ်ဆုံးဖြတ်ချက်ကို စီမံကိန်း အဆိုပြုသူထံပြန်ကြားရမည်။ ဝန်ကြီးဌာနက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြင်ဆင်စေလိုပါက ဝန်ကြီးဌာန၏အပြီးသတ်ဆုံးဖြတ်ချက်ပြန်ကြားရမည့်နေ့ရက်ကိုတိုးမြှင့်သတ်မှတ်ပေးရမည်။

၈၂။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုစိစစ်သုံးသပ်ခြင်းအတွက်ကုန်ကျခဲ့သည့်စရိတ်အားလုံးကို စီမံကိန်းအဆိုပြုသူက ကျခံရမည်။

## အခန်း (၈)

## စီမံကိန်းကို အတည်ပြုရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းစဉ်းစားခြင်း

### စီမံကိန်းအတည်ပြုရန်လိုအပ်ချက်များ

၈၃။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် လျှောက် ထားခြင်းနှင့်စပ်လျဉ်း၍ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်သည့်စီမံကိန်းအမျိုးအစား သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားများ အတွက် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများက ခွင့်ပြုမိန့်ချပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးခြင်း မပြုမီ ဤလုပ်ထုံးလုပ်နည်းအရဝန်ကြီးဌာနက ထုတ်ပေးသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ကိုဦးစွာရယူရမည်။

၈၄။ စီမံကိန်းနှင့် လုပ်ငန်းများအားလုံးသည် နောက်ဆက်တွဲ"က"ပါ ဆန်းစစ်ခြင်းဆောင်ရွက်ရ မည့်စီမံကိန်းလုပ်ငန်းအမျိုးအစားတွင် ပါရှိသည်ဖြစ်စေ၊ မပါရှိသည်ဖြစ်စေ လိုအပ်သည့်ခွင့်ပြုမိန့်၊ ပါမစ်၊ လိုင်စင်နှင့်အတည်ပြုချက်ရယူရန်နှင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊လုပ်ထုံးလုပ်နည်း နှင့် ညွှန်ကြားချက်များ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဇုန်နယ်မြေသတ်မှတ်ချက်၊ စီမံကိန်းဆိုင်ရာ လိုအပ်ချက်များနှင့် အစိုးရ၏အခြားလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။ ထို့အပြင်စီမံကိန်း သို့မဟုတ် လုပ်ငန်းစတင်ရန် သို့မဟုတ် တည်ဆောက်ရန် သို့မဟုတ် လုပ်ငန်း လည်ပတ်ဆောင်ရွက်မှု

များ ဆက်လက်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝန်ကြီးဌာနက သတ်မှတ်ပေးသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၈၅။ ဝန်ကြီးဌာနသည် အဆိုပြုစီမံကိန်း သို့မဟုတ် လုပ်ငန်းတစ်ရပ်ရပ်အား ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆောင်ရွက်ရန်လိုအပ်သည့်စီမံကိန်းထက် သေးငယ်ခြင်း သို့မဟုတ် စာရင်းတွင် မပါဝင်ခြင်းကြောင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန်မလိုဟု သတ်မှတ်ထားသော်လည်း လိုအပ်သည့်စည်းကမ်းချက်များကို ချမှတ်ပေးနိုင်သည်။

၈၆။ ဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ထုတ်ပေးထားသည့်စီမံကိန်းတစ်ခုခုကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခြားအခွင့်အမိန့်ရအဖွဲ့အစည်းကဖြစ်စေ "ကြိုတင်ခွင့်ပြုချက်"၊ "လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်" ထုတ်ပေးသည့်အခါ ထိုသို့ထုတ်ပေးကြောင်းကို ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ စည်းကမ်းချက်များနှင့် ယင်းစည်းကမ်းချက်များကို ပြင်ဆင်မှုများ**

၈၇။ စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါ စီမံကိန်းအကောင်အထည်ဖော်မှုလုပ်ငန်းများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ ဝန်ကြီးဌာနကသတ်မှတ်သည့်အချိန်အတွင်း တိကျစွာ စတင်ဆောင်ရွက်ရမည်။

၈၈။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် ယင်းလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။ ယင်းသက်သေခံလက်မှတ်တွင် အောက်ပါအချက်များကို ရှင်းလင်းစွာဖော်ပြရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ထုတ်ပေးထားသော စီမံကိန်းအဆိုပြုသူ၏ မှတ်ပုံတင်ထားသောအမည်နှင့် မှတ်ပုံတင်ထားသော ရုံးလိပ်စာ၊

(ခ) စီမံကိန်းအဆိုပြုသူက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ရရှိရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာစသည့် စာရွက်စာတမ်းများ ၊

(ဂ) စီမံကိန်းနှင့်ယင်း၏အစိတ်အပိုင်းတစ်ရပ်စီ၏ပထဝီဝင်အနေအထား၊တည်နေရာ(များ) ပြမြေပုံ၊ ဓာတ်ပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ ဂြိုလ်တုဓာတ်ပုံများ၊

(ဃ) လုပ်ဆောင်မှုများ၊ တပ်ဆင်မှုများ၊ လုပ်ငန်းလည်ပတ်မှုများ၊ ထုတ်လုပ်မှုစွမ်းရည်၊ ထုတ်လုပ်သည့် နည်းစနစ်နှင့် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှု တို့ပါဝင်သော စီမံကိန်းအမျိုးအစားနှင့် အခင်းအကျင်း၊

(င) စီမံကိန်းအဆင့်ဆင့်နှင့် အဆင့်အလိုက် အချိန်ကာလ (လုပ်ငန်းစတင်သည့်ရက်နှင့် လုပ်ငန်းပြီးဆုံးသည့်ရက်)၊

၈၉။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ အဆိုပါစည်းကမ်းချက်များတွင် အောက်ပါအချက်တစ်ရပ်ရပ် သို့မဟုတ် အားလုံးပါဝင်ရမည်-

(က) အထွေအထွေစီမံခန့်ခွဲမှု

(၁) ဆိုးကျိုးသက်ရောက်မှုအားလုံးကို ဖော်ထုတ်သတ်မှတ်ရန်၊ ထိန်းချုပ်ရန်၊ တားဆီးကာကွယ်ရန် သို့မဟုတ် လျော့နည်းစေရန်လုပ်ထုံးလုပ်နည်းများနှင့်စီမံခန့်ခွဲမှုစနစ်များ၊

(၂) ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကတိကဝတ်အားလုံးကို လိုက်နာဆောင်ရွက်ရန် သေချာစေသည့် လုပ်ထုံးလုပ်နည်းများ၊

(၃) စီမံကိန်းလုပ်ငန်း အဆင့်အလိုက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (တည်ဆောက်ရေးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် တည်ဆောက်ရေးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအဆင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်) တို့တွင်ဖော်ပြထားသည့် ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရန် လုပ်ထုံးလုပ်နည်းများ၊

(၄) စီမံကိန်း၏ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဆောင်ရွက်မှုများ တိုးတက်စေရန် လုပ်ထုံးလုပ်နည်းများ၊

(၅) ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်း၊

(၆) စာရွက်စာတမ်းမှတ်တမ်းထားရှိခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်ခြင်း လုပ်ထုံးလုပ်နည်းများ၊

(ခ) ထုတ်လွှတ်မှုများ

(၁) ခွင့်မပြုသည့်ထုတ်လွှတ်မှုများ၊

(၂) လုပ်ငန်းအမျိုးအစား၊ ဒြပ်ပစ္စည်း၊ ဝန်အား၊ စုစည်းမှု၊ နှုန်း၊ အချိန်၊ ကာလ၊ အကြိမ်ရာသီဥတု၊ စီမံကိန်းအဆင့်အလိုက်ထုတ်လွှတ်မှုကန့်သတ်ချက်ပမာဏ၊

(၃) ထုတ်လွှတ်ရန် သတ်မှတ်နေရာများ၊

(၄) ထုတ်လွှတ်မှုပုံစံနှင့် ကြားခံများ၊

(၅) ရောက်ရှိမည့် သို့မဟုတ် လက်ခံမည့် နေရာ၊

(၆) ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းအပေါ် ဆောင်ရွက်မှု၊

(၇) လိုက်နာကြောင်းသတ်မှတ်ဆုံးဖြတ်ရန် စာရင်းအင်းဆိုင်ရာ နည်းစနစ်များ၊

(ဂ) စွမ်းအင်နှင့် သဘာဝသယံဇာတအရင်းအမြစ်များသုံးစွဲမှုများနှင့် စပ်လျဉ်း၍ သုံးစွဲမှုပမာဏ၊ သုံးစွဲသည့်အမျိုးအစား၊ သုံးစွဲသည့်အရင်းအမြစ်များ၏မူရင်းနေရာ၊ သုံးစွဲမှုနှုန်း၊ သုံးစွဲမှု၏ ထိရောက်မှုနှင့် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှု၊

(ဃ) ညစ်ညမ်းမှုတားဆီးကာကွယ်ခြင်းနှင့်စပ်လျဉ်း၍ ညစ်ညမ်းမှုကို တားဆီးကာကွယ်ရန် သို့မဟုတ် တားဆီးကာကွယ်ရန်လက်တွေ့ဆောင်ရွက်ရန်မဖြစ်နိုင်ပါက ညစ်ညမ်းမှုကို လျှော့ချရန်နှင့် ညစ်ညမ်းမှုအန္တရာယ်ကို တားဆီးကာကွယ်ရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန်ထုတ်လုပ်ခြင်း သို့မဟုတ် တည်ဆောက်ခြင်းနည်းစနစ်များ သို့မဟုတ်စွန့်ပစ်ပစ္စည်း သိုလှောင်သိမ်းဆည်းခြင်းနှင့် ပြုပြင်သန့်စင်ခြင်း၏ ထိရောက်မှု၊

(င) သဘာဝထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲမှု

(၁) လုပ်ငန်းခွင်များ၊ ပတ်ဝန်းကျင် သို့မဟုတ် မျိုးစိတ်များအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း၊

(၂) သေချာသော ပတ်ဝန်းကျင်များနှင့် မျိုးစိတ်များအပေါ် ဆိုးကျိုးသက်ရောက်မှုများအား တားဆီးရန် သို့မဟုတ် လျော့နည်းစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများ၏ ထိရောက်မှု၊

(၃) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းညှိခြင်း၊

(စ) ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ ပုံစံများ နှင့် အကြောင်းအရာများအားထိန်းသိမ်းခြင်း၊ နှင့် ရှေးဟောင်းသုသေနဆိုင်ရာ ရှာဖွေလေ့လာမှုများနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ၊

(ဆ) စွန့်ပစ်ပစ္စည်းအပါအဝင် ဘေးအန္တရာယ်ဖြစ်စေသော သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများ၊

(၁) အမျိုးအစား၊ အတန်းအစားနှင့် ပမာဏကန့်သတ်ချက်များ၊

(၂) စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ထိန်းချုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြုပြင်သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် စနစ်များ၊

(ဇ) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

(၁) ထုတ်လုပ်သည့် စွန့်ပစ်ပစ္စည်း အမျိုးအစား အတန်းအစားနှင့် ပမာဏကန့်သတ်ချက်များ (အရည်၊ အစိုင်အခဲ၊ လေထုဆိုင်ရာ)၊

(၂) စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ထိန်းချုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် စွန့်ပစ်ခြင်းနည်းလမ်းများနှင့် စနစ်များ၊

(၃) စွန့်ပစ်ပစ္စည်းများအား ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ပြန်လည်သုံးစွဲခြင်း၊

(ဈ) သယ်ယူပို့ဆောင်မှုနှင့် သယ်ယူပို့ဆောင်နိုင်မှုများ

(၁) သယ်ယူပို့ဆောင်နိုင်သည့် ဆုံရပ်နေရာများ၊

(၂) စီမံကိန်းနေရာသို့ နှင့် စီမံကိန်းနေရာမှ ပစ္စည်းနှင့်လူများ သယ်ယူပို့ဆောင်သည့်နည်းလမ်း၊

(၃) ထုတ်ကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း သို့မဟုတ် စွန့်ပစ်ပစ္စည်းအတွက် သယ်ယူပို့ဆောင်ရန် လမ်းကြောင်း၊

(၄) သယ်ယူပို့ဆောင်နိုင်ရန် ထိန်းချုပ်ဆောင်ရွက်မှုများ၊

(ည) လုပ်ငန်းရပ်ဆိုင်းခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ သန့်စင်ခြင်းနှင့် ပိတ်သိမ်းခြင်း

(၁) လုပ်ငန်းခွင်နေရာများ၊ လုပ်ငန်းခွင်ဧရိယာနှင့် ပတ်ဝန်းကျင်များနှင့် အထောက်အကူပြုများ၊

(၂) ရည်ရွယ်ချက်များနှင့် စံချိန်စံညွှန်းများ၊

(၃) လုပ်ငန်းခွင်နေရာအခြေအနေများနှင့် သုံးစွဲပြီးနောက်အခြေအနေများ၊

(၄) အချိန်ကာလသတ်မှတ်ချက်၊

(၅) ထိန်းချုပ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊

(ဋ) ထိန်းချုပ်ရေးဆောင်ရွက်မှုများ

(၁) မတော်တဆမှုများကို တားဆီးကာကွယ်ခြင်းနှင့် အရေးပေါ်အခြေအနေများကို တုန့်ပြန်ဆောင်ရွက်ခြင်း၊

(၂) မတော်တဆမှုများ၊ ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပုံမှန်မဟုတ်သောလုပ်ငန်းလည်ပတ်မှုများဖြစ်ပေါ်ပါက ဆောင်ရွက်ရန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများ၊

(၃) ညစ်ညမ်းမှုတားဆီးရန် နှင့် လျော့နည်းစေရန်ဆောင်ရွက်မှုများကို ထိန်းချုပ်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(၄) ဘေးအန္တရာယ်ကင်းရှင်းရေးဇုန်များတည်ထောင်ခြင်း၊

(ဌ) စောင့်ကြပ်ကြည့်ရှုခြင်း

(၁) သတ်မှတ်ကန့်သတ်ချက်များ၊

(၂) နည်းလမ်းများ၊

(၃) နမူနာထုတ်လုပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊

(၄) စောင့်ကြပ်ကြည့်ရှုသည့်နေရာ၊

(၅) အကြိမ်၊

(၆) အချိန်သတ်မှတ်ချက်၊

(၇) အချက်အလက်စီမံခန့်ခွဲခြင်း၊

(၈) စောင့်ကြပ်ကြည့်ရှုသည့်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်းနှင့်ထိန်းချုပ်ခြင်း၊

(၉) စာရွက်စာတမ်းများမှတ်တမ်းထားရှိခြင်းနှင့် အစီရင်ခံခြင်း၊

(ဍ) စာရွက်စာတမ်းများမှတ်တမ်းထားရှိခြင်းနှင့် အစီရင်ခံခြင်း

(၁) မှတ်တမ်းထားရှိရမည့်နှင့်အစီရင်ခံတင်ပြရမည့် သတ်မှတ်ချက်နှင့်ကိစ္စရပ်များ၊

(၂) အမျိုးအစားများနှင့် နည်းလမ်းများ၊

(၃) အကြိမ်နှင့်အချိန်သတ်မှတ်ချက်၊

(၄) အရည်အသွေးထိန်းချုပ်မှုနှင့်

(၅) လက်ခံမည့်သူများ၊

(ဎ) ငွေကြေးဆိုင်ရာ အာမခံမှု

(၁) အာမခံမှုအမျိုးအစား၊

(၂) ပမာဏ၊

(၃) အချိန်သတ်မှတ်ချက်၊

(၄) လျှောက်ထားမှု၊

(၅) အာမခံသူ၏ အမျိုးအစားနှင့် ငွေကြေးငွေပမာဏ၊

(ဏ) ဝန်ကြီးဌာန၏စစ်ဆေးမှုခံရန် ရန်ပုံငွေ

(၁) ပမာဏ၊

(၂) ပေးချေသည့်လုပ်ထုံးလုပ်နည်း၊

(၃) အချိန်သတ်မှတ်ချက်နှင့် အကြိမ်၊

(တ) နည်းဥပဒေ အပိုဒ် ၃၀ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေတွင် ထည့်ဝင်ခြင်း

(၁) ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) အတွက် ပေးသွင်းခြင်း၊

(၂) သဘာဝသယံဇာတများအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးအမြတ် ရရှိမှုအတွက် ပေးသွင်းခြင်း

၉၀။ ဝန်ကြီးဌာနသည် စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ လွှဲပြောင်းပေးနိုင်သည်။

၉၁။ ဝန်ကြီးဌာနက ထုတ်ပေးသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ ၅ နှစ် ဖြစ်သည်။ ဝန်ကြီးဌာနက ထုတ်ပေးသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် သက်ဆိုင်သည့် စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၉၂။ ဝန်ကြီးဌာနသည် အပိုဒ် ၉၁ အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းတိုးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအကြောင်း တစ်ရပ်ရပ်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကိုပြင်ဆင်ခြင်းနှင့် စီမံကိန်းအဆိုပြုသူအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး သုံးသပ်အတည်ပြုနိုင်ရန် ဝန်ကြီးဌာနသို့ ပြန်လည်တင်သွင်းစေခြင်းကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် စီမံကိန်းအဆိုပြုသူအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကိုပြန်လည်ပြင်ဆင်စေပြီး သုံးသပ်အတည်ပြုနိုင်ရန်ဝန်ကြီးဌာနသို့ပြန်လည်တင်သွင်းစေ ခြင်းကိုလည်းကောင်း ပြုနိုင်သည်-

(က) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှု မရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊
(ခ) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ဒုက္ခဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ် များထွက်ပေါ်လာခြင်း၊
(ဂ) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့ သည့်အချိန်က ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊
(ဃ) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၏ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊
(င) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပါယ်ဖွင့်ဆိုချက်အရ နည်းစနစ်သစ်များသည် စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊
(စ) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊
(ဆ) ဆောင်ရွက်မှုများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန် မလိုအပ်ခြင်း။

၉၃။ ဝန်ကြီးဌာနသည် ထပ်မံရရှိလာသော သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစား၍ လိုအပ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ

စည်းကမ်းချက်များ ပြုပြင်ပြောင်းလဲရန် ဆုံးဖြတ်ရမည် သို့မဟုတ် လိုအပ်ပါက ကိစ္စရပ်တစ်ခုချင်းအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းကို အသစ်ပြုလုပ်၍ တင်သွင်းစေရန် စီမံကိန်းအဆိုပြုသူကို ညွှန်ကြားရမည်။

၉၄။ စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂)နှစ်အတွင်းတွင် စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့စတင်ဆောင်ရွက်သည့်နေ့ရက်ကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀)ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်။

၉၅။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကိုမည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်း ဖော်ပြ၍၊ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ရရှိပြီး(၂)နှစ်အတွင်းစီမံကိန်းကိုထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအား အသစ်ပြုလုပ်တင်ပြရမည်။

၉၆။ စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သောဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့်အန္တရာယ်၊ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယအဆင့်တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသောအချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၉၇။ ဝန်ကြီးဌာနသည် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများပါဝင်သော ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားများအတွက် တည်ဆောက်ဆဲကာလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အသေးစိတ်ကို စီမံကိန်း၏ ရည်မှန်းထားသော တည်ဆောက်ရေးလုပ်ငန်းများမစတင်မီ စိစစ်သုံးသပ်ရန်နှင့်အတည်ပြုရန် စီမံကိန်းအဆိုပြုသူကဦးစီးဌာနသို့တင်သွင်းရမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် စည်းကမ်းချက်တစ်ရပ် ထည့်သွင်းနိုင်သည်။

၉၈။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားများအတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အသေးစိတ်ကို စီမံကိန်းလည်ပတ်ဆောင်ရွက်မှုများစတင်ရန် ရည်မှန်းထားသည့် အချိန်မတိုင်မီ စိစစ်သုံးသပ်ရန်နှင့် အတည်ပြုရန် စီမံကိန်းအဆိုပြုသူက ဦးစီးဌာနသို့ ရေးဆွဲတင်သွင်းရမည် ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် စည်းကမ်းချက်တစ်ရပ် ထည့်သွင်းနိုင်သည်။

၉၉။ ဦးစီးဌာနသည် ကိစ္စရပ်တစ်ခုချင်းအလိုက် တည်ဆောက်ဆဲကာလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်တို့ကို လိုအပ်ပါက ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်စေခြင်းနှင့် ယင်းကိုစိစစ်သုံးသပ်ရန်နှင့်အတည်ပြုရန် ဦးစီးဌာနသို့ ပြန်လည်တင်ပြစေခြင်း ပြုနိုင်သည်။

၁၀၀။ စီမံကိန်းအဆိုပြုသူသည် ကိစ္စရပ်တစ်ခုချင်းစီအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ တည်ဆောက်ဆဲကာလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်တွင် ဖော်ပြထားသော သက်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကတိကဝတ်များနှင့် လိုအပ်ချက်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် ထုတ်လွှတ်မှုကန့်သတ်ချက်ပမာဏ၊ ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းတို့ကို စီမံကိန်း၏အသေးစိတ်ပုံစံများ၊ တည်ဆောက်ရေးစာချုပ်၏ သီးသန့်သတ်မှတ်ချက်များနှင့် စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ရန်စာချုပ်များတွင် ထည့်သွင်းဆောင်ရွက်ရမည်။

၁၀၁။ ဦးစီးဌာနသည် စီမံကိန်းတွင် ကိစ္စရပ်တစ်ခုချင်းအလိုက် စီမံကိန်း၊ လုပ်ငန်းခွင်နေရာ၊ သို့မဟုတ် စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုကြောင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ တည်ဆောက်ဆဲကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တို့တွင် ပြောင်းလဲမှုများကို တွေ့ရှိရပါက ကိစ္စရပ်တစ်ခုချင်းအလိုက် ပြန်လည်ပြင်ဆင်ထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ တည်ဆောက်ဆဲကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စိစစ်သုံးသပ်ရန်နှင့် အတည်ပြုရန် ဦးစီးဌာနသို့ စီမံကိန်းအဆိုပြုသူအား တင်ပြစေနိုင်သည်။

## ဆိုးကျိုးသက်ရောက်မှုများအားလုံးအတွက် တာဝန်

၁၀၂။ စီမံကိန်းအဆိုပြုသူသည်-

(က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်း မဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးပေးရန် စီစဉ်ဆောင်ရွက်ရမည်။

၁၀၃။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့်စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးကစီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံး

လုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်စေရန် တာဝန်ရှိသည်။

၁၀၄။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင် ပါရှိသော လိုအပ်ချက်များအားလုံးအတွက် တာဝန်ရှိသည့်အပြင် ယင်းတို့ကိုအပြည့်အဝထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၀၅။ စီမံကိန်းအဆိုပြုသူသည် အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်၍ သတင်းအချက်အလက်အပြည့်အစုံကို ဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ စာဖြင့်အသိပေးတင်ပြရမည်။

## အခန်း (၉)
## စောင့်ကြပ်ကြည့်ရှုခြင်း

၁၀၆။ စီမံကိန်းအဆိုပြုသူသည် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလ ဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအားမိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို စဉ်ဆက်မပြတ်လက်တွေ့ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၀၇။ စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်လာနိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်ကိစ္စကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားကိစ္စများအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ(၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

၁၀၈။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနကသတ်မှတ်သည့်အတိုင်းတင်ပြရမည်။

၁၀၉။ စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတွင် အောက်ပါအချက်များ ပါရှိရမည်-

(က) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကိုကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့်စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

၁၁၀။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ဇယားပါအတိုင်း အပိုဒ်၁၀၄ နှင့် ၁၀၅ အရ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအားဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက်(၁၀)ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့်သဘောတူညီထားသည့်အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရမည်။

**ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်း**

၁၁၁။ ဝန်ကြီးဌာနသည် စီမံကိန်းကသက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားလိုအပ်ချက်များကို လိုက်နာရေးအတွက် ထိန်းကွပ်ရန်နှင့် သတ်မှတ်ဆုံးဖြတ်ရန်လည်းကောင်း၊ စီမံကိန်း၏တာဝန်များကို ပျက်ကွက်မှုအား တားဆီးရန်လည်းကောင်း စီမံကိန်းနှင့်ဆက်စပ်သော လုပ်ရှားဆောင်ရွက်မှုများအား မိမိ၏ကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် ဒေသဆိုင်ရာရုံးများမှ အရာရှိများဖြင့်ဖြစ်စေ အတိုင်ပင်ခံတစ်ဦးဦး၏ ဆောင်ရွက်မှုဖြင့်ဖြစ်စေ ယင်းတို့ နှစ်မျိုးလုံးဖြင့်ဖြစ်စေ စောင့်ကြပ်ကြည့်ရှုခွင့်နှင့် စစ်ဆေးခွင့်ရှိသည်။ ထို့အပြင် ဝန်ကြီးဌာနသည် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို အခြားသက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ပံ့ပိုးမှုဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၁၁၂။ ဝန်ကြီးဌာနသည် စစ်ဆေးချက်အရ ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါစည်းကမ်းချက်များကို လိုက်နာမှုမရှိကြောင်းတွေ့ရှိလျှင် ဤလုပ်ထုံးလုပ်နည်းအရ စီမံကိန်းအဆိုပြုသူအား ကုစားဆောင်ရွက်မှုများဆောင်ရွက်စေနိုင်သည် သို့မဟုတ် ဒဏ်ကြေးငွေချမှတ်နိုင်သည်။

၁၁၃။ စီမံကိန်းအဆိုပြုသူသည်-

(က) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန်အလို့ငှာ စစ်ဆေးရန်တာဝန်ရှိသူအား သာမန်အလုပ်ချိန်အတွင်း ဝင်ရောက်ခွင့်ပြုရမည်။

(ခ) ဝန်ကြီးဌာနက အကြောင်းအားလျော်စွာ လိုအပ်လာသည့်အခါ စီမံကိန်း၏ ရုံးများနှင့် စီမံကိန်းလုပ်ငန်းခွင်နှင့် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြားနေရာများသို့ အချိန်မရွေး ဝင်ရောက်ခွင့်ပြုရမည်။

၁၁၄။ ဝန်ကြီးဌာနသည် စစ်ဆေးခြင်းကိုဆောင်ရွက်ရာတွင် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကိုတွေ့ဆုံမေးမြန်းခြင်းနှင့် ဝန်ကြီးဌာနက လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို ဆောင်ရွက်နိုင်သည်။ လိုအပ်ပါက သက်ဆိုင်ရာအခြားဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ စစ်ဆေးဆောင်ရွက်နိုင်သည်။

၁၁၅။ စီမံကိန်းအဆိုပြုသူသည် အရေးပေါ်အခြေအနေတွင်ဖြစ်စေ၊ စီမံကိန်းသည် သက်ဆိုင်သည့်ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကိုဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပျက်ကွက်နိုင်သည် သို့မဟုတ် ပျက်ကွက်ရန်အန္တရာယ်ရှိသည်ဟုယူဆလျှင်ဖြစ်စေမည်သည့်အချိန်တွင်မဆို စစ်ဆေးရန်တာဝန်ရှိသူအား ချက်ချင်းဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။

၁၁၆။ ဝန်ကြီးဌာနသည် စီမံကိန်းနှင့်လုပ်ငန်းခွင်နေရာများ၊အထောက်အကူပြုပစ္စည်းများ၊ယာဉ်များ၊ကွန်ပျူတာများ၊ မှတ်တမ်းထိန်းသိမ်းထားရှိရာနေရာများ၊ စာရွက်စာတမ်း အထောက်အထားများ၊ အခြားမီဒီယာနှင့် သတင်းအချက်အလက် စုဆောင်းသိမ်းဆည်းမှုပုံစံများနှင့် အမျိုးအစားများနှင့် လူပုဂ္ဂိုလ်များအပါအဝင် လိုအပ်သည်များကို စစ်ဆေးနိုင်သည်။

၁၁၇။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်း၏ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာများကိုလည်း စစ်ဆေးရန်တာဝန်ရှိသူကစစ်ဆေးခြင်းကို ခွင့်ပြုရမည်။

၁၁၈။ ဝန်ကြီးဌာနသည် စီမံကိန်းက ယင်း၏တာဝန်များကို လိုက်နာခြင်းမရှိဟု ယူဆလျှင် စီမံကိန်းအား ချက်ချင်း သတိပေးအကြောင်းကြားရမည်။

၁၁၉။ ဝန်ကြီးဌာနသည် စီမံကိန်းအား ယင်း၏ပတ်ဝန်းကျင်ဆိုင်ရာတာဝန်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် သတိပေးနိုင်သည်။ သတိပေးချက်တစ်ခုခုကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန၏ဝက်ဘ်ဆိုက်တွင်လွှင့်တင်ခြင်း သို့မဟုတ် စီမံကိန်းအား စီမံကိန်း၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားရှိစေခြင်း သို့မဟုတ် ယင်းနှစ်မျိုးလုံးကို ဆောင်ရွက်ခြင်း သို့မဟုတ် အများပြည်သူသိရှိအောင်သင့်လျော်သော နည်းလမ်းဖြင့် ထုတ်ဖော်ခြင်းပြုနိုင်သည်။

၁၂၀။ ဝန်ကြီးဌာနသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာရမည့်အချက်များအားလိုက်နာမှုမရှိသည့် စီမံကိန်း၏အပြုအမူများကို ညွှန်ပြရမည်။ ထို့ပြင် စီမံကိန်းအား လိုက်နာဆောင်ရွက်ရန်အခြေအနေနှင့် သင့်လျော်ကိုက်ညီစေမည့် တိကျသောအချိန်ကာလတစ်ခုကို သတ်မှတ်ပေးရမည်။

၁၂၁။ ဝန်ကြီးဌာနသည် စီမံကိန်းအဆိုပြုသူ သို့မဟုတ် စီမံကိန်းပိုင်ရှင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ယင်း၏တာဝန်များကို မလိုက်နာကြောင်း သို့မဟုတ် လိုက်နာလိမ့်မည် မဟုတ်ကြောင်း ယူဆလျှင်၊ သင့်လျော်သည့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကို ဆိုင်းငံ့စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။ ထို့အပြင် ယင်းလိုက်နာရန်ပျက်ကွက်မှုအား စီမံကိန်းအဆိုပြုသူ၏စရိတ်ဖြင့် သတ်မှတ်ချိန်အတွင်းထိရောက်စွာပြင်ဆင်နိုင်သည်ဟုယူဆရသည့်အရည်အချင်းပြည့်မီသော မည်သည့်တတိယအဖွဲ့အစည်းနှင့်မဆို ပြင်ဆင်ဆောင်ရွက်စေနိုင်သည်။

၁၂၂။ စီမံကိန်းကို စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းပြုလုပ်ရသည့် ဝန်ကြီးဌာန၏ကုန်ကျစရိတ် အားလုံးကို စီမံကိန်းအဆိုပြုသူက ကျခံရမည်။ ယင်းကုန်ကျစရိတ်များသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပ ါ စီမံကိန်းကတိကဝတ်များကို လိုက်နာဆောင်ရွက်စေရန် လိုအပ်သည့် ပမာဏထက် မကျော်လွန်စေရ။

## အခန်း (၁၀)
## မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း

၁၂၃။ ဝန်ကြီးဌာနသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးနှင့် ယင်း၏မြို့ရွာနှင့် ပထဝီဝင်ဆိုင်ရာ ပိုင်းခြားသတ်မှတ်ထားသော ဒေသအသီးသီးရှိ စီမံကိန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အဆင့်မြင့်ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာထိန်းသိမ်းကာကွယ်မှုများ အခိုင်အမာရရှိစေရန်နှင့် ပြည်သူ့ရေးရာမူဝါဒနှင့် စီမံကိန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အလေးထားမှုများအား ထိရောက်စွာပေါင်းစည်းဆောင်ရွက်နိုင်ရန်နှင့် လွယ်ကူလျင်မြန်စေရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ မြို့နယ်များနှင့် အခြားပုဂ္ဂလိက သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက ရေးဆွဲထားသော သို့မဟုတ် ရေးဆွဲရန်စီစဉ်ထားသော မူဝါဒများ၊ မဟာဗျူဟာများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ မူဘောင်များနှင့် အစီအစဉ်များကို ဝန်ကြီးဌာနကထုတ်ပြန်သည့် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်အရ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာသက်ရောက်လာနိုင်မှုများအတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်းဆောင်ရွက်ရန် တောင်းဆိုနိုင်သည်။

(ခ) ယင်းသို့ဆောင်ရွက်ခြင်းက မူဝါဒ၊မဟာဗျူဟာ၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ မူဘောင် သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ်သည် ပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာသိသာထင်ရှားသော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်နိုင်သည်ဟု ညွှန်ပြပါက ယင်းမူဝါဒ၊ မဟာဗျူဟာ၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ မူဘောင် သို့မဟုတ် အစီအစဉ်အတွက် တာဝန်ရှိသည့်အဖွဲ့အစည်းအား ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်နိုင်ရေးနှင့် ဆန်းစစ်နိုင်ရေးအတွက် သင့်လျော်မှန်ကန်သော စူးစမ်းလေ့လာမှုတစ်ရပ်ပြုလုပ်ရန်နှင့် ယင်းမူဝါဒ၊ မဟာဗျူဟာ၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ မူဘောင် သို့မဟုတ် အစီအစဉ်တွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်နှင့်ပတ်ဝန်းကျင်

အပေါ်သက်ရောက်မှုများအတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း မူဘောင် ထည့်သွင်းရေးဆွဲရန် တောင်းဆိုနိုင်သည်။

၁၂၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ မြို့နယ်များနှင့် အခြားပုဂ္ဂလိက သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း က ရေးဆွဲထားသော သို့မဟုတ် ရေးဆွဲရန် စီစဉ်ထားသော မူဝါဒ၊ မဟာဗျူဟာ၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ မူဘောင် သို့မဟုတ် အစီအစဉ်အရဆောင်ရွက်သည့် စီမံကိန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများကို ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများအား ဖော်ထုတ်သတ်မှတ်ရန်နှင့် လေ့လာဆန်းစစ်ရန်လိုအပ်သည့် အထက်အပိုဒ်ပါ သတ်မှတ်ချက်အတိုင်း မူဝါဒ၊ မဟာဗျူဟာ၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ မူဘောင် သို့မဟုတ် အစီအစဉ်၏ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းမူဘောင်နှင့်အညီ နေရာချထားခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းတို့ကို အကောင်အထည်ဖော်ရန်တောင်းဆိုနိုင်သည်။

## အခန်း (၁၁)
## စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခြင်း

၁၂၅။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူက လည်းကောင်း၊ စီမံကိန်း၏ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ တစ်ဦးဦး သို့မဟုတ် စီမံကိန်းကိုယ်စား ဆောင်ရွက်သည့် အခြားသူတစ်ဦးဦးကလည်းကောင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုအတွက် ဒဏ်ကြေးငွေချမှတ်နိုင်သည့်အပြင် အခြားစီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်နိုင်သည်။

၁၂၆။ စီမံကိန်းအပေါ် ယင်းဒဏ်ကြေးငွေများချမှတ်မှုနှင့် အခြားစီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုများ ဆောင်ရွက်ရာတွင်-

(က) ပထမအကြိမ်ပျက်ကွက်မှု သို့မဟုတ် အကောင်အထည်ဖော်ရာတွင်ချို့ယွင်းမှုဖြစ်ပါက ကုမ္ပဏီအား ကြိုတင်အသိပေးအကြောင်းကြားစာ(နို့တစ်စာ)ပေးပြီး၊ ရက်ပေါင်း ၆၀ ထက် မကျော်သည့် ကုစားရန် အချိန်ပေးရမည်။

(ခ) ဝန်ကြီးဌာနက ဒဏ်ကြေးငွေမချမှတ်မီ ဖြစ်ပွားခဲ့သော ကနဦးပျက်ကွက်မှု သို့မဟုတ် အကောင်အထည်ဖော်ရာတွင် ချို့ယွင်းမှုဖြစ်ပွားပြီး ၅ နှစ် အတွင်း ယင်းပျက်ကွက်မှု သို့မဟုတ်အကောင်အထည်ဖော်ရာတွင်ချို့ယွင်းမှုထပ်မံဖြစ်ပွားလျှင်စီမံကိန်းအဆိုပြုသူသည် အပိုဒ်ခွဲ(က)ပါ အခွင့်အရေးများ ခံစားခွင့်မရှိစေရ။

၁၂၇။ ဝန်ကြီးဌာနသည် ကုစားရန်၊ရှင်းလင်းရန်နှင့် လျော်ကြေးပေးရန်စရိတ်များအပြင် ထပ်ဆောင်းဒဏ်ငွေချမှတ်နိုင်သည်။ ဤလုပ်ထုံးလုပ်နည်းအရချမှတ်သည့်ဒဏ်ကြေးငွေများသည်အခြားသက်ဆိုင်ရာ ဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းတစ်ခုခုအရချမှတ်နိုင်သည့် ဒဏ်ကြေးငွေများနှင့် မသက်ဆိုင်စေရ။

၁၂၈။ စီမံကိန်းအဆိုပြုသူကဒဏ်ကြေးငွေကိုပေးဆောင်သော်လည်း စီမံကိန်းအကောင်အထည်ဖော်မှု သို့မဟုတ် စီမံကိန်းအဆိုပြုသူက ပျက်ကွက်မှု သို့မဟုတ် အကောင်အထည်ဖော်ရာတွင် ချို့ယွင်းမှုကြောင့်ဖြစ်ပေါ်သော ထိခိုက်ပျက်စီးမှု သို့မဟုတ် ခံစားရသောနစ်နာမှုအတွက် အခြားသူများက စီမံကိန်းအပေါ် တောင်းဆိုမှုများရှိပါက ယင်းတာဝန်များမှ ကင်းလွတ်ခွင့်မရှိစေရ။

၁၂၉။ ဤလုပ်ထုံးလုပ်နည်းအရ ဝန်ကြီးဌာနက ချမှတ်ဆောင်ရွက်နိုင်သည့် ဒဏ်ကြေးငွေများနှင့် အခြားစီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုများကို နောက်ဆက်တွဲ "ဂ"တွင် သတ်မှတ်ဖော်ပြထားသည်။

၁၃၀။ ဦးစီးဌာနသည် စီမံကိန်းများအား စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူသည့်စာရင်းကို ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၃၁။ ဝန်ကြီးဌာနသည် ဤလုပ်ထုံးလုပ်နည်းအရ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခြင်းခံရပြီးဖြစ်သော စီမံကိန်းလုပ်ငန်းများအား ဆက်လက်၍ ဤလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေပုဒ်မ ၃၂ နှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်သည့်အပြင် လိုအပ်သလိုအရေးယူဆောင်ရွက်ရန် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

**(ပုံ) ဝင်းထွန်း**
**ပြည်ထောင်စုဝန်ကြီး**

စာအမှတ်၊ ၃(၁)/၀၂(ည)(၆)/(၃၇၅၁/၂၀၁၅)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
**ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**(မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်)**
**မျှောစာတွဲ**
**ရုံးလက်ခံ**

အမိန့်အရ

၂၉/၁၂

( မျိုးညွှန့် )
ဒုတိယအမြဲတမ်းအတွင်းဝန်

## ဆန်းစစ်ခြင်းဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းလုပ်ငန်းအမျိုးအစားများ

၁။ ဤနောက်ဆက်တွဲသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန်လိုအပ်သော စီမံကိန်း သို့မဟုတ် လုပ်ငန်းများအတွက် လမ်းညွှန်ပေး ခြင်းဖြစ်သည်။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် သတ်မှတ်လျင် စီမံကိန်း သို့မဟုတ် လုပ်ငန်းအဆိုပြုသူသည် ဆန်းစစ်ခြင်းအတွက် ပြင်ဆင်ခြင်း အတည်ပြုချက်ရယူခြင်းနှင့် သင့်လျော်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခုခုအတွက် အယူခံခြင်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုရမည် ဖြစ်သည်။

၂။ လက်ရှိဆောင်ရွက်နေသော စီမံကိန်း သို့မဟုတ် လုပ်ငန်းအဆိုပြုသူက ယင်း၏စီမံကိန်း သို့မဟုတ် လုပ်ငန်းကို တိုးချဲ့ရန်ရည်ရွယ်ပါက ဦးစီးဌာနသည် ဆန်းစစ်ခြင်းဆောင်ရွက်ရန် အမျိုး အစားနှင့် အရွယ်အစားသတ်မှတ်ချက်ကို အခြေခံ၍ ယင်းစီမံကိန်း သို့မဟုတ် လုပ်ငန်း တိုးချဲ့ခြင်း သည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဟူသည့် နောက်ထပ် ဆန်းစစ်ခြင်း တစ်ခုခုပြုလုပ်ရန် သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်းကို သတ်မှတ်ပေးရမည်။

၃။ ထုတ်လုပ်မှုပမာဏကို လုပ်ငန်းအမျိုးအစားများအောက်တွင် စုစုပေါင်းထုတ်လုပ်နိုင်မှု ပမာဏ (ဥပမာ-စွမ်းအင်ထုတ်လုပ်မှုအတွက်တပ်ဆင်နိုင်မှုပမာဏ) အနေဖြင့် ရှင်းလင်းစွာ ဖော်ပြ ထားခြင်း မရှိပါက သတ်မှတ်ထားသော ထုတ်လုပ်နိုင်မှုပမာဏသည် သာမန်လုပ်ငန်းလည်ပတ်မှု တွင် ထွက်ရှိသည့် စုစုပေါင်းထုတ်လုပ်မှုဖြစ်ရမည်။

၄။ ဝန်ကြီးဌာနသည် လိုအပ်ပါက ဤနောက်ဆက်တွဲပါအချက်များအား လုပ်ထုံးလုပ်နည်း အပိုဒ်(၃၀)အရ အခါအားလျော်စွာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ရှင်းလင်းခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားနှင့် အရွယ်အစားသတ်မှတ်ချက်များ**

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| **.အထူးရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်း** | | | |
| ၁ | ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်ထောင်စု အစိုးရအဖွဲ့ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ အတည်ပြု ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးများ | – | အရွယ်အစားအားလုံး |
| **စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း** | | | |
| ၂ | ရေအားလျှပ်စစ်စီမံကိန်း | ထုတ်လုပ်မှု ပမာဏ ၁ မီဂါဝပ်နှင့် အထက်၊ ၁၅ မီဂါဝပ် အောက် နှင့် ကန်ရေပြည့် သိုလှောင်ပမာဏ ကုဗမီတာ ၂၀,၀၀၀,၀၀၀ အောက် နှင့် ရေလှောင်တမံဧရိယာ ၄၀၀ ဟက်တာအောက် | ထုတ်လုပ်မှု ပမာဏ ၁၅ မီဂါဝပ်နှင့်အထက် သို့မဟုတ် ရေသိုလှောင်ပမာဏ ကုဗမီတာ ၂၀,၀၀၀,၀၀၀ နှင့် အထက် သို့မဟုတ် ရေလှောင်တမံဧရိယာ ၄၀၀ ဟက်တာနှင့်အထက် |
| ၃ | နျူကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း | - | အရွယ်အစားအားလုံး |
| ၄ | သဘာဝဓာတ်ငွေ့သုံး သို့မဟုတ် ဇီဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ်နှင့်အထက် ၅၀ မီဂါဝပ်အောက် | ထုတ်လုပ်မှု ပမာဏ၅၀ မီဂါဝပ်နှင့်အထက် |
| ၅ | ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း | ထုတ်လုပ်မှု ပမာဏ ၁ မီဂါဝပ် နှင့်အထက် ၁၀ မီဂါဝပ်အောက် | ထုတ်လုပ်မှု ပမာဏ ၁၀ မီဂါဝပ်နှင့်အထက် |
| ၆ | စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း | ထုတ်လုပ်မှု ပမာဏ ၅၀ မီဂါဝပ်နှင့်အထက် | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်း လုပ်ငန်းအားလုံး |

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| ၇ | ဘူမိအပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ် နှင့် အထက်၊ ၅၀ မီဂါဝပ် အောက် | ထုတ်လုပ်မှု ပမာဏ ၅၀ မီဂါဝပ်နှင့်အထက် |
| ၈ | ပေါင်းစပ်စွမ်းအင်(ဓာတ်ငွေ့နှင့်အပူစွမ်းအင်)သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ် နှင့် အထက်၊ ၅၀ မီဂါဝပ် အောက် | ထုတ်လုပ်မှု ပမာဏ ၅၀ မီဂါဝပ်နှင့်အထက် |
| ၉ | အပူငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း (အမှတ်စဉ် ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် မသက်ဆိုင်သော အခြားအမျိုးအစား) | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ်နှင့်အထက်၊ ၅၀ မီဂါဝပ်အောက် | ထုတ်လုပ်မှု ပမာဏ *၅၀ မီဂါဝပ်နှင့်အထက်* |
| ၁၀ | လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ်နှင့်အထက်၊ ၅၀ မီဂါဝပ်အောက် | ထုတ်လုပ်မှု ပမာဏ *၅၀ မီဂါဝပ်နှင့်အထက်* |
| ၁၁ | နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း | ထုတ်လုပ်မှု ပမာဏ ၅၀ မီဂါဝပ်နှင့်အထက် | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်းအားလုံး |
| ၁၂ | တုန်ခါမှုဖြင့် ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်ရှာဖွေခြင်း၊ | အရွယ်အစားအားလုံး | |
| ၁၃ | ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့စမ်းသပ်တူးဖော်ခြင်း | – | အရွယ်အစားအားလုံး |
| ၁၄ | ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးတွင်းများ တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပိုက်လိုင်းသွယ်တန်း ခြင်း အပါအဝင် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများ၊ မှုတ်ထုတ်ခြင်းစခန်း၊ စုပ်တင်ခြင်းစခန်းနှင့် သိုလှောင်ခြင်း လုပ်ငန်းများ၊ အထောက်အကူပြုလုပ်ငန်းများနှင့် ရပ်ဆိုင်းခြင်းလုပ်ငန်းများ) | – | အရွယ်အစားအားလုံး |
| ၁၅ | တုန်ခါမှုဖြင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်ရှာဖွေခြင်း၊ | အရွယ်အစားအားလုံး | – |
| ၁၆ | ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်တူးဖော်ခြင်း | – | အရွယ်အစားအားလုံး |

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| ၁၇ | ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး တွင်းများ တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ ပိုက်လိုင်း သွယ်တန်းခြင်း အပါအဝင် သယ်ယူပို့ဆောင် ခြင်းလုပ်ငန်းများ၊ မှုတ်ထုတ်ခြင်းစခန်း၊ စုပ်တင်ခြင်း စခန်းနှင့် သိုလှောင်ခြင်း လုပ်ငန်းများ၊ အထောက်အကူပြု လုပ်ငန်းများနှင့် ရပ်ဆိုင်းခြင်းလုပ်ငန်းများ) | – | အရွယ်အစားအားလုံး |
| ၁၈ | ရေနံချက်စက်ရုံ သို့မဟုတ် သဘာဝ ဓာတ်ငွေ့ စက်ရုံ (ရေနံဓာတ်ငွေ့ရည် (LPG)၊ စက်မောင်းဆီ (Mo Gas)၊ ရေနံဆီ၊ ဒီဇယ်၊ မီးထိုးဆီ၊ ဓာတ်ဆီ၊ ကတ္တရာစေး၊ နိုင်လွန်ကတ္တရာ၊ ကန့်နှင့် intermediate products e.g. Propane/ propylene mixtures, virginnaphtha, middle distillate and vacuum distillate for the petrochemical industry) | – | အရွယ်အစားအားလုံး |
| ၁၉ | သဘာဝဓာတ်ငွေ့ထုတ်ကုန်ပစ္စည်းများ ပြုပြင်သန့်စင် ထုတ်လုပ် ခြင်းလုပ်ငန်း (သဘာဝဓာတ်ငွေ့ မှ မက်သနော နှင့် Naphtha, gasoline, kerosene, disel fuel, waxes, lubes ကဲ့သို့သော ရေနံ ဓာတ်ငွေ့ရည် ထုတ်ကုန် ပစ္စည်းများထုတ်လုပ်ခြင်း) | – | အရွယ်အစားအားလုံး |
| ၂၀ | သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်ခြင်းလုပ်ငန်း | – | အရွယ်အစားအားလုံး |
| ၂၁ | ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်/ ပို့ စခန်း | – | အရွယ်အစားအားလုံး |
| ၂၂ | ရေနံ သိုလှောင်ကန် သို့မဟုတ် သဘာဝဓာတ်ငွေ့ လှောင်ကန် တည်ဆောက်ခြင်း | ရေနံ သိုလှောင်နိုင်မှု တန် ၁၀၀၀၀ အောက်<br>ဓာတ်ငွေ့သိုလှောင်နိုင်မှု တန်ချိန် ၂၅၀၀ အောက် | ရေနံ သိုလှောင်နိုင်မှု တန် ၁၀၀၀၀ နှင့်အထက်<br>ဓာတ်ငွေ့သိုလှောင်နိုင်မှုတန် ၂၅၀၀ နှင့် အထက် |

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| ၂၃ | ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်း ပေးပို့ခြင်းသို့မဟုတ်ဖြန့်ဖြူးခြင်းစနစ် | ၁၀ ကီလိုမီတာအောက် | ၁၀ ကီလိုမီတာနှင့်အထက် |
| ၂၄ | ဓာတ်ငွေ့ရည်(LPG)၊ သဘာဝ ဓာတ်ငွေ့ (CNG) အပါအဝင် စက်သုံးဆီအရောင်းဆိုင် | သိုလှောင်နိုင်မှု ၁၀ ကုဗမီတာ (လီတာ ၁၀၀၀၀) နှင့်အထက် | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ် ရန်လိုအပ်သည်ဟု သတ်မှတ် သည့် စီမံကိန်း လုပ်ငန်းအားလုံး |
| ၂၅ | ရေနံအခြေပြု အော်ဂဲနစ် ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ခြင်း | - | အရွယ်အစားအားလုံး |
| ၂၆ | ၁၁၅ ကေဗွီနှင့်အထက်၊ ၂၃၀ ကေဗွီ အောက် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း | ၅၀ ကီလိုမီတာနှင့်အထက် | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်း လုပ်ငန်းအားလုံး |
| ၂၇ | ၂၃၀ ကေဗွီနှင့်အထက် လျှပ်စစ်ဓာတ်အားလိုင်း (မဟာ ဓာတ်အားလိုင်း) သွယ်တန်းခြင်း | အရွယ်အစားအားလုံး | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ် ရန် လိုအပ်သည်ဟု သတ်မှတ် သည့် စီမံကိန်း လုပ်ငန်းအားလုံး |
| ၂၈ | ဗို့အားမြင့် ၂၃၀ ကေဗွီ နှင့် ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံ | ၄ ဟက်တာနှင့်အထက် | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ် ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်းအားလုံး |
| **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်း** | | | |
| ၂၉ | သီးနှံ/စက်မှုသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း (ဥပမာ-ရော်ဘာ၊ ဆီအုန်း၊ ကိုကိုး၊ ကော်ဖီ၊ လက်ဘက်၊ ၊ ငှက်ပျော၊ ကြံ စသည်များ) | ဟက်တာ ၂၀၀ နှင့်အထက် ဟက်တာ ၅၀၀ အောက် | ၅၀၀ ဟက်တာနှင့်အထက် |
| ၃၀ | ရာသီသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း (cereals၊ pulses၊ roots၊ tubers၊ oil-bearing crops၊ fibre crops၊ vegetables၊ and fodder crops) | ဟက်တာ ၅၀၀ နှင့်အထက် ဟက်တာ ၃၀၀၀ အောက် | ၃၀၀၀ ဟက်တာနှင့်အထက် |

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| ၃၁ | မွေးမြူရေးခြံ (ဥပမာ- နွား၊ ကျွဲ၊ မြင်း၊ ဆိတ်၊ သိုး၊ နှင့်အခြားတိရစ္ဆာန်များ) | အကောင်ရေ ၅၀၀ နှင့်အထက် ၃၀၀၀ အောက် | အကောင်ရေ ၃၀၀၀ နှင့်အထက် |
| ၃၂ | ကြက်၊ ဘဲနှင့် အခြား စီးပွားဖြစ် ငှက် မွေးမြူရေး | ကြက်၊ ဘဲ၊ ကြက်ဆင် အကောင် ၅,၀၀၀ နှင့်အထက်၊ အကောင် ၂၀,၀၀၀ အောက်<br>လည်ပင်း/ခြေထောက်ရှည် ငှက်အကြီးစား အကောင် ၅၀ နှင့်အထက်၊ အကောင် ၂၀၀ အောက်<br>ငုံး အကောင် ၂၅,၀၀၀ နှင့်အထက်၊ အကောင် ၁၀၀,၀၀၀ အောက် | ကြက်၊ ဘဲ၊ ကြက်ဆင် အကောင် ၂၀,၀၀၀ နှင့်အထက်၊<br>လည်ပင်း/ခြေထောက်ရှည် ငှက်အကြီးစား အကောင် ၂၀၀ နှင့်အထက်၊<br>ငုံး အကောင် ၁၀၀,၀၀၀ နှင့်အထက်၊ |
| ၃၃ | ဝက်မွေးမြူရေးခြံ | အကောင် ၂,၀၀၀ နှင့်အထက်၊ အကောင် ၅,၀၀၀ အောက် | အကောင် ၅,၀၀၀ နှင့်အထက် |
| ၃၄ | မြစ်၊ကန်အတွင်းပုဇွန်သားဖောက်ခြင်း အပါအဝင် ရေချို ငါးသားဖောက်ခြင်းနှင့် မွေးမြူခြင်း | ရေမျက်နှာပြင် ဧရိယာ ၁ ဟက်တာနှင့်အထက် ၂၅ ဟက်တာအောက် | ၂၅ ဟက်တာနှင့်အထက် |
| ၃၅ | ပင်လယ်နှင့် ကမ်းရိုးတန်း ငါးသားဖောက်ခြင်းနှင့် မွေးမြူခြင်း | ရေမျက်နှာပြင် ဧရိယာ ၁ ဟက်တာ နှင့်အထက် ဟက်တာ ၁၀၀ အောက် | ဟက်တာ ၁၀၀ နှင့်အထက် |
| ၃၆ | မုတ်ကောင်မွေးမြူခြင်း၊ ပုလဲထုတ်လုပ်ခြင်း | ဧရိယာဟက်တာ ၅၀ နှင့် အထက်၊ ဟက်တာ ၂၀၀ အောက် | ဧရိယာ ဟက်တာ ၂၀၀ နှင့်အထက် |
| ၃၇ | တောရိုင်းတိရစ္ဆာန်များမွေးမြူရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်း | အရွယ်အစားအားလုံး | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ် ရန် လိုအပ်သည်ဟု သတ်မှတ် သည့် စီမံကိန်း လုပ်ငန်းအားလုံး |

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| ၃၈ | တွားသွားသတ္တဝါ မွေးမြူရေး | မိကျောင်း၊ အရေခွံမာ၍ ခြေလက်အတိုလေးချောင်းနှင့် အမြီးရှည်ပါ တွားသွားသတ္တဝါနှင့် မြွေအကြီးစား အကောင် ၁,၀၀၀ အောက်၊<br>မြွေနှင့် အခြားတွားသွား သတ္တဝါအကောင် ၅,၀၀၀ အောက်၊ | မိကျောင်း၊ အရေခွံမာ၍ ခြေလက်အတိုလေးချောင်းနှင့် အမြီးရှည်ပါ တွားသွားသတ္တဝါနှင့် မြွေအကြီးစား အကောင် ၁,၀၀၀ နှင့်အထက်၊<br>မြွေနှင့် အခြားတွားသွား သတ္တဝါ အကောင် ၅,၀၀၀ နှင့်အထက်၊ |
| ၃၉ | အပြောင်ရှင်း စနစ်ဖြင့် သစ်ထုတ်ခြင်း | ဟက်တာ ၅၀၀ အောက် | ဟက်တာ ၅၀၀ နှင့်အထက် |
| ၄၀ | နှစ်အကန့်အသတ်ဖြင့် သစ်တောပြုစု ထိန်းသိမ်းခြင်း လုပ်ငန်း | ဟက်တာ ၁၀၀၀၀ အောက် | ဟက်တာ ၁၀၀၀၀ နှင့်အထက် |
| ၄၁ | ဆည်မြောင်းစနစ်များတည်ဆောက်ခြင်း | ဟက်တာ ၁၀၀ နှင့်အထက်၊<br>ဟက်တာ ၅၀၀၀ အောက် | ဟက်တာ ၅၀၀၀ နှင့်အထက် |
| ၄၂ | အသားထုတ်လုပ်ခြင်း(နွား၊ ဝက်၊ သိုးနှင့် အခြား သားသတ်ရုံတည်ဆောက်ခြင်း) | အသားထုတ်လုပ်မှု တစ်ရက်လျှင် ၁၅ တန်နှင့် အထက် တန် ၅၀ အောက် | အသားထုတ်လုပ်မှု တစ်ရက်လျှင် တန် ၅၀ နှင့်အထက် |
| ၄၃ | ကြက်၊ ဘဲ အသားထုတ်လုပ်ခြင်း (ကြက်၊ ဘဲနှင့် အခြား စီးပွားဖြစ်မွေးမြူထားသောငှက်များအသားထုတ် စက်ရုံ) | အသားထုတ်လုပ်မှု တစ်ရက်လျှင် ၁၅ တန်နှင့် အထက် တန် ၅၀ အောက် | အသားထုတ်လုပ်မှု တစ်ရက်လျှင် တန် ၅၀ နှင့်အထက် |
| ၄၄ | ငါးထုတ်လုပ်ခြင်း (fish, crustaceans, gastropods, cephalopods, and Bivalves, includes by products such as fich oil and fich meals) | တစ်ရက်လျှင် ၁၅ တန်နှင့် အထက် ၇၅ တန်အောက် | တစ်ရက်လျှင် ၇၅ တန် နှင့်အထက် |
| ၄၅ | အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ခြင်း<br>(ကျွဲ၊ နွား၊ ဝက်၊ ဆိတ်နှင့် ကြက်၊ ငှက် အသားများ၊ အသီးအရွက်နှင့် အသီးအနှံကုန်ကြမ်းများမှ တန်ဖိုးမြင့် စားသောက်ကုန် နှင့် အဖျော်ယမကာများထုတ်လုပ်ခြင်း | ထုတ်လုပ်မှု တစ်ရက်လျှင် ၁၀ တန် နှင့် အထက်၊ တန် ၂၀ အောက် | ထုတ်လုပ်မှု တစ်ရက်လျှင် တန် ၂၀ နှင့် အထက် |

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
